စိတ်ကူးချိုချိုအနုပညာ

# လူတွေအပေါ် ဩဇာလွှမ်းမိုးနည်း

ကောင်းသာ-မြန်မာပြန်

## HOW TO INFLUENCE PEOPLE

MAKE A DIFFERENCE IN YOUR WORLD

JOHN C. MAXWELL

JIM DORNAN

သင့်ကမ္ဘာထဲ ခြားနားအောင်လုပ်ပါလေ

mgyoe.com

mgyoe.com

"ဂျိုးဇက်၊ အက်ဇ်၊ နယူးတန်" ပြောတယ်။

"လူတွေ အထီးကျန်ဖြစ်နေရတာ၊ တံတားတွေဆောက်ရမယ့်အစား နံရံတံတိုင်းတွေ ဆောက်နေလို့ဖြစ်တယ်"။

လူတွေနဲ့ ချိတ်ဆက်ဖို့ တံတားထိုးခြင်းဟာ သူတို့နဲ့တူတဲ့ ဘုံအတွေ့အကြုံတွေ ဝေမျှတာပဲဖြစ်တယ်။

စားရင် အတူတူ စားပါ။

ဘောပွဲ အတူတူကြည့်ပါ။

သင့်ရဲ့သြဇာသက်ရောက်မှုနယ်ပယ်အတွင်းကပဲ လူတွေနဲ့ တံတားထိုးဆက်သွယ်ဖို့လမ်းစကိုရှာပါ။

အထူးသဖြင့် သူတို့ရဲ့ ဆန့်ကျင်ဘက်ပြိုင်ဆိုင်မှုနဲ့ ကြုံရတဲ့အခိုက်တွေမှာပေါ့။

HOW TO INFLUENCE PEOPLE

MAKE A DIFFERENCE IN YOUR WORLD

JOHN C. MAXWELL

JIM DORNAN

KGT0018

1,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

လူတွေအပေါ်ဩဇာလွှမ်းမိုးနည်း
ကောင်းသာ - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၃၈၊ မျက်နှာ၊ ၁၂·၅ စင်တီ x ၁၈·၅ စင်တီ
(၁) လူတွေအပေါ်ဩဇာလွှမ်းမိုးနည်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူတွေအပေါ် ဩဇာလွှမ်းမိုးနည်း

# How to Influence People

**John C. Maxwell & (Jim Dornan)**

## ကောင်းသာ

မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

ကျွန်ုပ်တို့ဘဝများထဲမှာ ဩဇာလွှမ်းမိုးနိုင်သူများအားလုံးနှင့် တကွ အထူးသဖြင့် လူတစ်ဖက်သားကို အကောင်းမြင်ဩဇာလွှမ်းနိုင်စွမ်းရှိသူ "ဂျင်း"နှင့်"နမ်စီ"တို့ကို တစ်စုံတစ်ရာ စုပေါင်းလုပ်ဆောင်ပေးရန် သဘောထား၊ အတွေ့အကြုံများ သူ့မဘဝ၌ပါဝင်နေသည့် "အဲရစ်ဒိုနန်" (Eric Dornan) အတွက် ရည်ညွှန်းပါသည်။

mgyoe.com

mgyoe.com

## "လူတွေအပေါ် ဩဇာလွှမ်းနည်း"

"စွမ်းအားအာနိသင်က ဩဇာလွှမ်းမိုးခြင်းကလာတယ်"လို့ ခေါင်းဆောင်မှု ကျွမ်းကျင်သူ"ဂျွန်စီမက်စ်ဝဲလ်"ကပြောတယ်။ "ဒီဩဇာလွှမ်းမှုကို ရှာဖွေစုဆောင်းနိုင်တယ်"လို့ တောင်းဆိုတယ်။

"လူတွေအပေါ် ဩဇာလွှမ်းမိုးနည်း"က နည်းပြဆရာရဲ့ ကစားနည်းစာအုပ်မှာဖြစ်စေ၊ ဘုန်းတော်ကြီးရဲ့လမ်းညွှန်ချက်မှာဖြစ်စေ၊ မိဘရဲ့ ဘဝလမ်းညွှန်စကားတွေမှာဖြစ်စေ တွေ့ရနိုင်တယ်။ မန်နေဂျာက ကျောင်းဆရာအထိ၊ အရောင်းသမားကနေ C.E.O အထိ တိုက်ရိုက်ဩဇာလွှမ်းရေးကို ပြုစုပျိုးထောင်တဲ့စွမ်းရည်ကတော့ မရှိမဖြစ်လိုအပ်တာပါပဲ။ လက်တွေ့မှာ သင့်ပတ်ဝန်းကျင်ကလူတွေအပေါ် အကောင်းမြင်သဘော ဩဇာလွှမ်းရေးကို လေ့လာဖို့ဟာ သင့်ရဲ့ရှုပ်ထွေးတဲ့ဘဝအဝန်းအဝိုင်းထဲက အောင်မြင်မှုကို ရယူဖို့ တစ်ခုတည်းသောနည်းလမ်းဖြစ်တယ်။

"လူတွေအပေါ်ဩဇာလွှမ်းမိုးနည်း"စာအုပ်ဟာ ဒေါက်တာမက်စ်ဝဲလ်ရဲ့ နှီးနှောဖလှယ်ပွဲတွေ အောင်မြင်ရာအောင်မြင်ကြောင်း

mgyoe.com

mgyoe.com

ပုဂ္ဂိုလ်ရေး ဟန်ပန်စတိုင်တွေနဲ့ ရောင်စုံတောက်ပနေပါတယ်။

သင် ဘယ်သူနဲ့ဆို ဩဇာလွှမ်းရေး အများဆုံးလဲ။ ဘယ်သူနဲ့ကျ အနည်းဆုံးလဲ။ သင့်ဩဇာလွှမ်းနိုင်မှုက အကောင်းမြင်လား၊ အဆိုးမြင်လား။ သင်ရဲ့ဩဇာလွှမ်းရေးအဆင့် ဘယ်လိုတိုးမြှင့်နိုင်မလဲ။ တခြားသူတွေကို အလားတူဩဇာတက်နိုင်ရေး ကူညီနိုင်ရန် သင့်ပန်းတိုင်ကို ပိုကောင်းကောင်း အရယူနိုင်မှာလဲ။

"လူတွေအပေါ် ဩဇာလွှမ်းမိုးနည်း"စာအုပ်ထဲမှာ အထက်ပါမေးခွန်းတွေကို ဖြေထားတယ်။ ဒီဖြေဆိုချက်တွေက သင့်ခံယူထားချက်ကို ပြောင်းလဲစေလိမ့်မယ်။ သင့်ဘဝကို ပြောင်းလဲစေမယ့် ဒေါက်တာမက်စ်ဝဲလ်ရဲ့နည်းစနစ်တွေကို ဒီဖြေဆိုချက်တွေက ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ပေးလိမ့်မယ်။

သင့်ကိုယ်ပိုင် အကောင်းမြင်ဩဇာစွမ်းအားကို ရှာတွေ့ခြင်းဖြင့် စဉ်းစားကြံဆမရနိုင်တဲ့ပုဂ္ဂိုလ်ရေးနဲ့ အဖွဲ့အစည်းရေးအောင်မြင်ချက်တွေဆီ သင့်ခရီးကို စတင်ပေတော့။

## စာရေးသူများအကြောင်း

John C. Maxwell အုပ်ရေ နှစ်သန်းကျော်ရောင်းရသောစာရေးဆရာ "ဂျွန်စီမက်စ်ဝဲလ်"မှာ နိုင်ငံတကာမှာ ထင်ရှားကျော်စောသော ခေါင်းဆောင်မှုကျွမ်းကျင်သူနှင့် နည်းပြဆရာတစ်ဦးဖြစ်ပါသည်။ ဒေါက်တာမက်စ်ဝဲလ်က EQUIP နှင့် John C. Maxwell ကုမ္ပဏီတို့ကို တည်ထောင်သူဖြစ်၍ ယင်းကုမ္ပဏီများက နိုင်ငံပေါင်း ၁၇၃ နိုင်ငံတွင် ခေါင်းဆောင်များ ၅ သန်းကျော် လေ့ကျင့်မွေးထုတ်ပေးခဲ့သည်။ နှစ်စဉ်နှစ်တိုင်းမှာ "Fortune 100" ကုမ္ပဏီများ၊ နိုင်ငံတကာ အစိုးရပိုင်းခေါင်းဆောင်များနှင့် "ဝက်စ်ပွိုင့်"ရှိ အမေရိကန်စစ်တပ် အကယ်ဒမီ

mgyoe.com

mgyoe.com

ကျောင်းနှင့် ကုလသမဂ္ဂကဲ့သို့ အဖွဲ့အစည်းများတွင် ဟောပြောပို့ချခဲ့ပါသည်။ "New York Times" ၏ ရောင်းအကောင်းဆုံး စာရေးဆရာဖြစ်၍ "မက်စ်ဝဲလ်"၏ သန်းနှင့်ချီသောစာအုပ်များ တွင် "The 21 Irrefutable Laws of Leadership", "Develop ing the Leader Within You", "The 21 Indispensable Qualities of a Leader" တို့ ပါဝင်ပါသည်။ ။

Jim Dornan. "Purdue" တက္ကသိုလ်မှ ဘွဲ့ရလျက် လေကြောင်းအချက်ပြအင်ဂျင်နီယာဘာသာဖြင့် ဒီဂရီတစ်ခုရသည်။ ကယ်လီဖိုးနီးယားရှိ လေကြောင်းအာကာသလုပ်ငန်းဌာနတွင် ဦးဆောင်ရာထူးတစ်ခု မဆိုင်းမတွရခဲ့သည်။ "ဂျင်း"နှင့် သူ့ဇနီး"နမ်စီ"တို့နှစ်ယောက်သား "Amway Corporation"၌ မိတ်ဆက်အလုပ် စလုပ်ပြီး၊ နှစ်လေးဆယ်ကြာသည့်အခါ"ဂျင်း"မှာ "Amway" လုပ်ငန်း၌ ကမ္ဘာ့အနှံ့ အမြင့်မားဆုံး အားထုတ်စွမ်း ဆောင်နိုင်သူတစ်ဦးဖြစ်လာသည်။ ခေါင်းဆောင်မှုလေ့ကျင့်ထောက်ပံ့ပေးရာ၌ အပြည်ပြည်ဆိုင်ရာ စက်မှုအဆင့်အတန်းဖြစ်သော "Network Twenty One" ကို သူတည်ထောင်ခဲ့သည်။ "ဂျင်း"နှင့်"နမ်စီ"တို့မှာ Network of Caring" ကိုလည်း တည်ထောင်ကြလျက် ကမ္ဘာထဲမှာ အလိုအပ်ဆုံးသောလူသားများ နှစ်စဉ်သန်းနှင့်ချီ၍ မြေတောင်မြှောက်ပေးခဲ့ပါသည်။ "ဂျင်း"မှာ စာရေးဆရာနှင့် ဟောပြောပို့ချသူဖြစ်သည်။ သူက ကမ္ဘာလုံးအနှံ့ လူထောင်ဂဏန်းပေါင်းရာနှင့်ချီကာ နည်းပေးလမ်းပြ ညွှန်ကြားခဲ့သူဖြစ်ပါသည်။ ။

❑

mgyoe.com

mgyoe.com

# စာအုပ်အညွှန်း

## ခြားနားချက်တစ်ခု သင်လုပ်နိုင်ပြီ။

ယုံချင်ယုံ၊ မယုံချင်နေ။ ကမ္ဘာကြီးအပေါ်စွမ်းအား အာနိသင် သက်ရောက်စေဖို့ အထိရောက်ဆုံးနည်းလမ်းက လူတစ်ဦးချင်းအပေါ် စွမ်းအားအာနိသင် သက်ရောက်စေဖို့ လုပ်ရန်သာ ဖြစ်တယ်။ ဒါကို သင် ဘယ်လိုလုပ်မလဲ။ ဩဇာလွှမ်းမိုးခြင်းနည်းအားဖြင့်သာ။

ဤစာအုပ်"လူတွေအပေါ်ဩဇာလွှမ်းမိုးနည်း"ထဲ၌ ခေါင်းဆောင်မှု ဆရာကြီး"ဂျွန်စီမက်စ်ဝဲလ်"နှင့် သူ့သူငယ်ချင်း"ဂျင်းဒိုနန်"တို့က သင့် ဘဝထဲရှိ လူတိုင်းအပေါ် အကောင်းမြင်စွမ်းအားအာနိသင် သက် ရောက်စေရန် ဘယ်လိုလုပ်ရမလဲဆိုတာ ပြောပြထားတယ်။ သင့်ကလေး များ သင့်လုပ်ဖော်ကိုင်ဖက်များ၊ သင့်ဖောက်သည်များ စသူတို့အပေါ် ဤသို့သက်ရောက်စေဖို့ ဖြစ်တယ်။

"လူတွေအပေါ်ဩဇာလွှမ်းမိုးနည်း"က သင့်ဘေးပတ်ဝန်းကျင် လူများရဲ့ဘဝတွေကို အားကောင်းကောင်းအာနိသင်နှင့် အကောင်းမြင်

mgyoe.com

mgyoe.com

ဩဇာလွှမ်းမိုးနိုင်ရန် သင့်ကို စွမ်းအင် ထပ်တင်ပေးနိုင်ပါလိမ့်မယ်။ ဤသို့ စွမ်းအင်ထပ်တင်ပေးရာမှာ ရာထူးအဆင့်၊ နေရာအရှိန်ဩဇာ ကင်းကင်းနှင့် လုပ်ရန်သာဖြစ်တယ်။

"အခြားသူများထဲသို့ သင့်ဘဝကိုသွန်းလောင်းခြင်း"(ဒေါက်တာ မက်စ်ဝဲလ်ရဲ့အကြံပေးချက် အဓိပ္ပာယ်သတ်မှတ်ချက်အရ)အားဖြင့် "သူတို့ဘဝတွေ ခြားနားသွားအောင် သင် လုပ်နိုင်မယ်" သူတို့ဘဝတွေ အဲဒီလိုခြားနားမှ သင့်ဘဝပါခြားနားအောင် လုပ်နိုင်လိမ့်မယ်။

သင့်ရဲ့ဆက်ဆံရေးတွေထဲက ဩဇာလွှမ်းရေးအဆင့်တွေ လေ့လာရင်း လုံးဝသူစိမ်းတစ်ရံစာကနေ အကူအညီရမယ့်ယုံကြည်သူ တွေအထိ သင့် တိုးတက်မှုကို ကျွမ်းကျွမ်းကျင်ကျင် လမ်းညွှန်ပြလို့ သင့်ရဲ့အကြံပေးနိုင် ဩဇာလွှမ်းနိုင်မယ့်သူတွေ ဆတက်ထမ်းပိုး တိုးပွား ပါစေလော့။

❑

mgyoe.com

mgyoe.com

# မာတိကာ


နိဒါန်း (က)

၁။ ဩဇာလွှမ်းသည့်လူသည် — လူများအပေါ် ရိုးဖြောင့်၍ စာရိတ္တကောင်းသည်။ ၁

၂။ ဩဇာလွှမ်းသည့်လူမှာ — လူများအပေါ် ပြုစုယုယစောင့်ရှောက်ပေးတတ်သည်။ ၁၇

၃။ ဩဇာလွှမ်းသည့်လူမှာ — လူများကို ယုံကြည်မှုရှိသည်။ ၃၇

၄။ ဩဇာလွှမ်းသည့်လူမှာ — လူများကို နားထောင်ပေးတတ်သည်။ ၅၁

၅။ ဩဇာလွှမ်းသည့်လူမှာ — လူများကို နားလည်မှုထားသည်။ ၆၇

၆။ ဩဇာလွှမ်းသည့်လူမှာ — လူတွေကို ချဲ့ထွင်ပေးသည်။ ၇၉

၇။ ဩဇာလွှမ်းသည့်လူမှာ — အခြားသူများအတွက် ရေကြောင်းလမ်းပြ ထိန်းကွပ်ပေးသည်။ ၉၁

၈။ ဩဇာလွှမ်းသည့်လူမှာ — လူများနဲ့ ချိတ်ဆက်တတ်သည်။ ၁၀၃

၉။ ဩဇာလွှမ်းသည့်လူမှာ — လူတွေကို ထိန်းချုပ်မှုအာဏာလွှဲအပ် ပေးထားသည် ၁၁၅

၁၀။ ဩဇာလွှမ်းသည့်လူမှာ — အခြားသောဩဇာလွှမ်းသူများကို ထပ်ဆင့် ထုတ်လုပ်ပေးသည်။ ၁၂၇


mgyoe.com

mgyoe.com

# How to Influence People

# လူတွေအပေါ် ဩဇာလွှမ်းမိုးနည်း

ဂျွန်စီမက်စ်ဝဲလ်နှင့်ဂျင်းဒိုနန်
**(John C. Maxwell) & (Jim Dornan)**

မြန်မာပြန်သူ
(ကောင်းသာ)

သင့်ကမ္ဘာထဲခြားနားအောင်လုပ်ပါလေ။

mgyoe.com

mgyoe.com

## နိဒါန်း

သင်ကလေးဘဝတုန်းက ကြီးလာရင် ဘာလိုချင်သလဲ။ ကျော်ကြားတဲ့အဆိုတော်တို့၊ သရုပ်ဆောင်တို့ဖြစ်ချင်သလား။ အမေရိကန်သမ္မတပဲဖြစ်ချင်သလား။ ကျွန်တော်တို့အားလုံးမှာ အိပ်မက်တွေ၊ ဆန္ဒရမက်တွေ ရှိကြမှာပဲ။ ဒါတွေအနက်က တချို့ကိုပဲ သင်ရယူနိုင်တာကို သံသယဖြစ်စရာမရှိပါ။ သင် အခုလောလောဆယ် ဘယ်လောက်ထိ အောင်မြင်နေတယ်ဆိုဦးတော့ သင့်မှာ နောက်ထပ် ပန်းတိုင်တွေ ပြည့်ဝဖို့စောင့်နေဦးမှာပဲဖြစ်တယ်။ ကျွန်တော်တို့ဆန္ဒကတော့ သင့်အိပ်မက်တွေ၊ သင့်မှာစွမ်းအင်တွေ ဘယ်လောက်ရှိသေးတယ်ဆိုတာ သင် နားလည်လာအောင် ကူညီပေးဖို့ ဖြစ်ပါတယ်။

စမ်းသပ်မှုလေးတစ်ခုလုပ်ရအောင်။ အောက်ပါစာရင်းရှိလူများကို ကြည့်လိုက်ပါ။ သူတို့အားလုံးတူကြသလား၊ သင်တွက်ထုတ်ကြည့်ပါ။

| | |
|---|---|
| John Grisham | Beth Meyers |
| George Gallup | Pablo Picasso |
| Robert E. Lee | Adolf Hitler |
| Nolamukong Suh | Tiger Waeds |
| James Dobson | John Wesley |

mgyoe.com

mgyoe.com

(၁)

Brian Williams
Madonna
Alex Rodriguez
Jerry and Patty Beaumont
Rich Devos
Mother Teresa
Anthony Banacourst
Alanis Morrisette
Glen Leatherwood
Bill Clinton
Arnold Schwarzenegger

သင်တွက်နိုင်ပြီလား။ တချို့ကကျော်ကြားလွန်းလို့ သင်မှတ်မိနိုင်ပေမယ့် တချို့ကျနာမည်တောင် မကြားဖူးတာရှိမယ်။ အဖြေကတော့ **"သူတို့အားလုံးက ဩဇာကြီးသူတွေပဲ ဖြစ်နေကြတာပါ။"**

လူတိုင်းမှာ ဩဇာရှိကြတယ်

အထက်ပါ လူစာရင်းကို သင် ကြုံရာကျပန်း သင် ဖန်တီးနိုင်တယ်။ ကျော်ကြားပြီးသားလူတွေပဲထည့်ထည့်၊ သင့်ဘဝထဲက အသိသူငယ်ချင်း လူသာမန် အညတြတွေပဲထည့်ထည့်၊ အချက်တစ်ချက်တော့ ဂရုထားပါ။ ဒါက လူတိုင်းကတော့ အခြားသူတွေအပေါ် ဩဇာညောင်းတဲ့သူတွေပဲ ဖြစ်ကြတယ်ဆိုတာပဲ။ သင့်ရဲ့ရာထူးအဆင့်နေရာ ဘာဖြစ်ဖြစ် အရေးမကြီး၊ ထည့်တွက်စရာမလိုပါဘူး။ အမေရိကန်သမ္မတကဲ့သို့သော နိုင်ငံရေးသမားတစ်ယောက်ဆိုရင် သူ့တိုင်းပြည်ရဲ့ လူသန်းရာဂဏန်းလောက်အပြင် ပြည်ပနိုင်ငံတကာတစ်ဝှမ်းတွင်ပါ ရောမဩဇာညောင်းနိုင်ပါတယ်။ ဖျော်ဖြေတင်ဆက်သူ အနုပညာသမားတွေဆိုရင်လည်း သူ့ခေတ်မျိုးဆက်တစ်ခုလုံးအပေါ် ယဉ်ကျေးမှုတစ်ခုထက်မက ပိုပြီးဩဇာလွှမ်းနိုင်သေးတယ်။ 'Glenn Leather wood' လို ကျောင်းဆရာမျိုးကလည်း "ဂျွန်"နဲ့ သူ့ တနင်္ဂနွေကျောင်း

mgyoe.com

mgyoe.com



က ကျောင်းသားတွေ ရာဂဏန်းလောက်ကို ညွှန်ကြားပြသနိုင်တဲ့အပြင် သူ့ကိုယ်ပိုင်ကျောင်းသားတွေရဲ့ဘဝတွေရဲ့ဘဝကို ထိတွေ့နိုင်ပြီး နောင်ကြီးပြင်းလာမယ့်ကလေးတွေအပေါ်မှာလည်း သွယ်ဝိုက်စွာ ဩဇာ ညောင်းနေပေလိမ့်မယ်။ သင်လည်းပဲ သင့်ရဲ့အိမ်၊ ဘုရားကျောင်း လုပ်ငန်းခွင်ထဲ သင်လုပ်ကိုင်သမျှ သင့်ဆက်ဆံပတ်သက်တဲ့ လူတွေရဲ့ ဘဝထဲဩဇာသက်ရောက်သွတ်သွင်းမိပြီးဖြစ်လိမ့်မယ်။

တကယ်လို့ သင့်ဆန္ဒက သင့်လောကထဲ အကောင်းမြင်စွမ်းအား သွတ်သွင်းလိုတယ်၊ အောင်မြင်ချင်တယ်ဆိုရင် သင်ဟာ ဩဇာညောင်းတဲ့သူဖြစ်လာဖို့လိုတယ်။ ဥပမာ သင်ဟာ အရောင်းသမား၊ သင့်ထုတ်ကုန်ကို ပိုများများအရောင်းစွံချင်တယ်ဆိုရင် သင့်ဖောက်သည်တွေအပေါ်မှာ ဩဇာလွှမ်းဖို့ လိုအပ်တာပေါ့။ သင် မန်နေဂျာတစ်ယောက်ဖြစ်ရင်လည်း သင့်ဝန်ထမ်းအလုပ်သမားတွေအပေါ် ဩဇာညောင်းနိုင်စွမ်းရှိပါမှ သင်အောင်မြင်လိမ့်မယ်။ သင့်ပန်းတိုင်တွေ ဘာဖြစ်ဖြစ် အရေးမကြီးပါ။ ဒါတွေကို မြန်မြန်ရယူအားထုတ်နိုင်တာနဲ့အမျှ ပိုထိရောက်လာမယ်။ ဩဇာလွှမ်းသူတစ်ယောက်ဖြစ်လာရေး လေ့လာသင်ယူနိုင်ရင် သင့်ရဲ့ပေါင်းရုံးအားထုတ်နိုင်မှုရလဒ်ဟာလည်း မဆုံးနိုင်အောင် ရှည်လျားလိမ့်မယ်။

အမေရိကန်သမ္မတ "ကေဗင်ကူးလစ်"ရဲ့ ရုံးခန်းမှာ ကြုံရတဲ့ဩဇာညောင်းမှု ပုံပြင်အကြောင်းရယ်စရာပြောရဦးမယ်။ အိမ်ဖြူတော်မှာ ညအိပ်ညနေတည်းတဲ့ ဧည့်သည်တစ်ဦးကို သမ္မတကူးလစ်က မနက်စောစောမှာ မနက်စာနဲ့ ဧည့်ခံရတယ်။ ဧည့်သည်ဆိုတော့ သူက သမ္မတရဲ့အထင်ကြီး မှုကိုလိုချင်တာပေါ့။ မနက်စာအဖြစ် သမ္မတဟာ ကော်ဖီသောက်ပြီးတဲ့အခါ ကော်ဖီအကျန်တွေကို ပန်းကန်ပြားနက်နက်ထဲ လောင်းချပြီး အဲဒီထဲ သကြားနည်းနည်း၊ နို့နည်းနည်း ထပ်ရောတာ

mgyoe.com

mgyoe.com



ကို ဧည့်သည်က သတိထားမိတယ်။ သူကလည်း သမ္မတကြီးလုပ်တဲ့အတိုင်း ကော်ဖီနည်းနည်းကျန်တာကို သကြားနည်းနည်း၊ နို့နည်းနည်း ထပ်ရောတယ်။ နောက် သမ္မတကြီး ဘာလုပ်မလဲလို့စောင့်ကြည့်တယ်။ သမ္မတက ကော်ဖီပန်းကန်ပြားကို ကြမ်းပြင်ပေါ်ချပြီး ကြောင်ကိုတိုက်ပါလေရော။ ဧည့်သည်ခမျာ ဘာဆက်လုပ်သလဲဆိုတာကိုတော့ ဘာအစီရင်ခံထဲမှာမှ မပါလို့ မသိကြရဘူးတဲ့။

## သင်ရဲ့ဩဇာက လူတွေအားလုံးနဲ့တော့ မတူမျှနိုင်ပါ

ဒီအကြောင်း သင် များများစားစား မသိနိုင်။ သို့ပေမဲ့ ဘယ်သူ့အပေါ်မှာ သင့်ဩဇာသက်ရောက်မှုများမယ်၊ ဘယ်သူ့အပေါ်မှာနည်းမယ်ဆိုတာကိုတော့ မွေးရာပါအရ သင် သိချင်သိနိုင်မယ်။ ဥပမာ သင်နဲ့အလုပ်အတူတူလုပ်ဖော်ကိုင်ဖက် သုံးလေးယောက်လောက်ကို စဉ်းစားကြည့်ပါ။ သင့်ရဲ့အယူအဆတစ်ခု၊ အကြံဉာဏ်တစ်ခု သူတို့ဆီ တင်ပြတဲ့အခါ သူတို့အားလုံးတစ်ပုံစံတည်း၊ တညီတညွတ်တည်း တုံ့ပြန်ကြလို့လား။ တစ်ယောက်ယောက် သင့်အကြံဉာဏ်ကို စိတ်ဝင်စားသဘောတူကောင်းတူလိမ့်မယ်။ တခြားသူတွေကတော့ သံသယတွေဝင်ပြီး၊ အခြားသူတစ်ဦးဦးရဲ့အကြံဉာဏ် တင်ပြချက်နဲ့တွဲစဉ်းစားချင်စဉ်းစားနိုင်တယ်။ ဒီကတည်းက သင့်ရဲ့ဩဇာက လူတွေဆီမှာ သက်ရောက်လွှမ်းမိုးနိုင်မှုချင်း မတူညီနိုင်ဘူးဆိုတာ သေချာနေတယ်။

## ဩဇာနှင့်ယင်းတို့သွတ်သွင်းသက်ရောက်မှုအဆင့်ဆင့်များ

သင်"ဗျွန်"ရဲ့ "ခေါင်းဆောင်မှုအဆင့်များငါးဆင့်"ကို ဖတ်ကြည့်ရင် ခေါင်းဆောင်မှုအဆင့် ငါးဆင့် သရုပ်ဖော်ချက်ကို သတိရပြီး ဩဇာလွှမ်းမှုက အဆင့်ဆင့် ဘယ်လို တိုးတက်လာတယ် သိနိုင်ပါတယ်။ တစ်ဖက်ပါ ပုံပြသရုပ်ဖော်ဇယားကိုကြည့်ပါ။

mgyoe.com

mgyoe.com



၅

**အထွက်အထိပ်အမှတ်**

— လေးစားရှိသေမှု —

လူတွေ သင့်နောက်လိုက်တာ၊ သင်ဘယ်သူလဲဆိုတာနဲ့သင်ရဲ့ ကိုယ်စားပြုချက်တွေကြောင့်ပဲ ဖြစ်တယ်။

၄

**လူတွေရဲ့တိုးတက်ဖွံ့ဖြိုးမှု**

— ပြန်လည်ထုတ်လုပ်မှု —

လူတွေ သင့်နောက်လိုက်တာ၊ သူတို့အတွက် သင်လုပ်ပေးခဲ့တာကြောင့်ပဲ။

၃

**ထုတ်လုပ်မှု**

— ရလဒ်များ —

လူတွေ သင့်နောက်လိုက်တာ အဖွဲ့အစည်းအတွက် သင်လုပ်ခဲ့တာတွေကြောင့်ပဲ။

၂

**ခွင့်ပြုချက်**

— ဆက်ဆံရေးများ —

လူတွေ သင့်နောက်လိုက်တာ လိုက်ချင်လို့ပဲဖြစ်တယ်။

၁

**ရာထူးနေရာ**

— ရပိုင်ခွင့် —

လူတွေ သင့်နောက်လိုက်တာ လိုက်စရာအကြောင်းရှိလို့ပဲ။

mgyoe.com

mgyoe.com



ခေါင်းဆောင်မှု(ဩဇာကို သီးခြားအသုံးချခြင်း)ဟာ သူရဲ့အနိမ့်ကျဆုံးအဆင့်မှာ ရာထူးအဆင့်နေရာမှာသာ မူတည်တယ်။ ယင်းက တိုးတက်လာတော့ အခြားသူတွေနဲ့ဆက်ဆံရေး တိုးပွားလာတဲ့အဆင့်ကို ရောက်လာတယ်။ သင့်ရဲ့အလုပ်ဖော်ပြချက် အကန့်အသတ်တွေကို ကျော်လွန်ပြီး သင့်ကို ဦးဆောင်ခွင့်ပေးလိုက်တဲ့အခါမှာ ဒီအဆင့်ရောက်တယ်။

သင့်ခေါင်းဆောင်မှုအဆင့်(၃)ကို ရောက်တဲ့အခါ သင့်လုပ်ငန်းအတွင်း သင်နဲ့သင့်နောက်လိုက်တွေထုတ်လုပ်မှု ပိုကျလာတယ်။ လူတွေ တိုးတက်ဖွံ့ဖြိုးအောင် သင် စလုပ်ပြီး သူတို့ရဲ့စွမ်းအင်တွေ ပြည့်ဝရေး ကူညီပေးတဲ့အခါ ခေါင်းဆောင်မှုဟာ အဆင့်(၄)ကို ရောက်လာတယ်။ လူနည်းနည်းပဲ အဆင့်(၅)ကို ရောက်နိုင်ရတာကတော့ လူတွေကို စွမ်းအင်ပြည့်ဝရေး အမြင့်ဆုံးရောက်ဖို့ သင်ကူညီလုပ်ရမှာက သင့်ဘဝတာတစ်လျှောက်လုံး သုံးရဖြုန်းနေရတာကြောင့်ပဲ ဖြစ်ပါတယ်။

ဩဇာရဲ့လုပ်ဆောင်ချက်က အလားတူပါပဲ။ အဆင့်တိုင်းမှာ တိုးတက်သထက်တိုးတက်လာစမြဲပဲ။ အဆင့်တစ်ဆင့်ချင်း စဉ်းစားရအောင်။

**အဆင့်(၁) စံနမူနာပြဖြစ်ခြင်း။**

လူတွေဟာ သူတို့မြင်ရသမျှအပေါ်မှာပဲ ဩဇာလွှမ်းမိုးခံတတ်ကြတယ်။ သင့်ကလေးတွေကို ဘာလုပ်ပါလို့ပြောပေမဲ့ သင်လုပ်နေတာကို ကြည့်ရင်းနဲ့သာ နောက်က သူတို့လိုက်လုပ်တတ်တဲ့ သဘာဝတိမ်းညွတ်ချက်သာ ရှိတတ်တယ်။ လူများစွာအတွက် သင်ဟာ အကောင်းမြင်တတ်ပြီး ယုံကြည်ရလောက်တယ်လို့ ကိုယ်တွေ့ခံယူ

mgyoe.com

mgyoe.com



ထားပါမှ သူတို့ဘဝတွေထဲ သင့်ကိုဩဇာကြီးသူအဖြစ် ရှာကြဲဆည်းကပ်လိမ့်မယ်။ သူတို့ သင့်ကိုကောင်းကောင်းသိနားလည်လာလေလေ သင့်ရဲ့သူတို့အပေါ်ဩဇာညောင်းမှုက ပိုမြင့်လာလေလေပဲဖြစ်တယ်။

သင့်ကို လုံးဝမသိသူတွေအဖို့တော့ သင့်ရဲ့ဩဇာလွှမ်းမှု ဘယ်ခံရနိုင်ပါ့မလဲ။ တကယ်လို့ သူတို့ ယုံကြည်ရသူတစ်ယောက်က သင့်နဲ့သူတို့ကို ကြားဝင်မိတ်ဆက်ပေးပြီး သင့်ကို ထောက်ခံချက် သူတို့ထံ ပေးအပ်ထားရင်တော့ အဲဒီထောက်ခံ မိတ်ဆက်ပေးသူရဲ့ ဩဇာကို သင်ခေတ္တငှားရမ်းသုံးနိုင်တယ်။ ဒါပေမဲ့ သင့်ကို လေ့လာဖို့ သူတို့မှာ အချိန်တချို့ရှိခဲ့ရင် သင့်လုပ်ရပ်တွေနဲ့သာ သင့်ရဲ့ဩဇာလွှမ်းမိုးရေးကို တည်ဆောက်နိုင်မယ်။

ဒီစံနမူနာပြဖြစ်စဉ်ရဲ့ စိတ်ဝင်စားဖွယ် ချွင်းချက်ကတော့ နာမည်ကျော်တွေနဲ့ပတ်သက်တဲ့ ဖြစ်ရပ်တွေပါပဲ။ ရုပ်ရှင်၊ တီဗွီနဲ့တခြားမီဒီယာတွေမှာ သူတို့နာမည်ကျော်အနုပညာရှင်တွေက ကြိုတင်နေရာသိမ်းပိုက်ထားနိုင်တာကြောင့် လူတွေမှာ သူတို့မမြင်ဖူးတဲ့သူတွေရဲ့ ဩဇာလွှမ်းခံရတယ်။

## အဆင့်(၂) မောင်းတင်ပေးခြင်း။

တခြားလူတွေရဲ့ဘဝအပေါ်မှာ သင် အမှန်တကယ်ခမ်းခမ်းနားနားသွတ်သွင်းပေးချင်တဲ့အခါ သင်ဒါကိုအနီးကပ်လုပ်ရမယ်။ ဒါဟာ ဩဇာလွှမ်းမှုနယ်ပယ်ကို ဒုတိယဆင့်တင်ပေးတာပဲဖြစ်တယ်။ မောင်းတင်ပေးခြင်းပဲ။ သင်လူတွေကို အားပေးပြီး သူတို့နဲ့စိတ်လှုပ်ရှားမှုအဆင့်အားဖြင့် ကူးလူးဆက်သွယ်မယ်ဆိုရင် သင်ဟာ စိတ်လှုပ်ရှားမှုဆိုင်ရာဩဇာလွှမ်းသူဖြစ်လာတယ်။ ဒီဖြစ်စဉ်က ကိစ္စနှစ်ရပ်ရှိတယ်။

(၁) ယင်းက သင်နဲ့သူတို့ရဲ့ကြားမှာ တံတားတစ်ခုဖန်တီးလိုက်တယ်။

mgyoe.com

mgyoe.com



(၂) ယင်းက သူတို့ရဲ့ယုံကြည်မှုနဲ့ကိုယ့်ကိုယ်ကိုယ် ထိုက်တန်မှုအာရုံကိုတည်ဆောက်ပေးတယ်။ သူတို့ သင်နဲ့အတူရှိနေတဲ့ကာလအတွင်း သင်နဲ့ပတ်သက်လို့ရော၊ သူတို့နဲ့ပတ်သက်လို့ပါ လူတွေရဲ့ခံစားမှုကောင်းလာရင် သင့်ရဲ့ဩဇာလွှမ်းမှုအဆင့်က ခမ်းခမ်းနားနားတိုးတက်လာပြီဆိုရမယ်။

**အဆင့်(၃) နည်းပေးလမ်းပြဆရာလုပ်ခြင်း။**

ဩဇာလွှမ်းမှုအဆင့်ကမောင်းတင်ပေးခြင်းကို ရောက်တဲ့အခါ သူတို့ရဲ့ဘဝတွေထဲ အကောင်းမြင်သွတ်သွင်းမှုကို သင်စမြင်ရနိုင်တယ်။ ဒီသွတ်သွင်းမှုကို တိုးမြှင့်ချင်ရင်တော့ ဩဇာလွှမ်းမှုနောက်တစ်ဆင့်ဖြစ်တဲ့ နည်းပေးလမ်းပြဆရာလုပ်ခြင်းအဆင့်ကို ထပ်တင်ရမယ်။

ဒီအဆင့်(၃)က သင့်ဘဝကို တခြားလူတွေထဲကို သွန်းလောင်းပေးပြီး သူတို့ရဲ့အစွမ်းအစတွေ ပြည့်ဝလာအောင်ကူညီပေးတာဖြစ်တယ်။ သူတို့ဘဝထဲ အခက်အခဲအတားအဆီးတွေ သင်ကူညီကျော်လွှားပေးပြီး သူတို့ကို ပုဂ္ဂိုလ်ရေးအရ အသက်မွေးဝမ်းကြောင်းအရ တိုးတက်လာအောင် သင်ပြသနိုင်ရင် သူတို့ရဲ့ဘဝနေထိုင်မှုအဆင့်သစ်ကို သင်ရယူပေးနိုင်ပြီပဲ ဖြစ်တယ်။

**အဆင့်(၄) ထပ်ဆင့်ဆပွားခြင်း။**

အခြားသူတွေဘဝထဲ သင့်ဩဇာလွှမ်းမှုအဆင့်အမြင့်မားဆုံးက ထပ်ဆင့်ဆပွားခြင်းအဆင့်ပဲဖြစ်တယ်။ ထပ်ဆင့်ဆပွားဩဇာလွှမ်းသူအဖြစ်နဲ့ သင်ဟာ လူတွေကို တခြားလူတွေရဲ့ဘဝထဲ အကောင်းမြင်ဩဇာလွှမ်းသူတွေဖြစ်လာစေဖို့ ကူညီပေးပြီး သူတို့သင့်ဆီက လက်ခံရရှိရုံသာမက သူတို့ကိုယ်ပိုင်အသိတွေပါ ထွန်းလင်းလေ့လာ

mgyoe.com

mgyoe.com



နိုင်ပြီဖြစ်တယ်။ ဒီအဆင့်(၄)ကိုတော့ လူနည်းနည်းပဲ ရောက်တတ်တယ်။ ဒါပေမဲ့ လူတိုင်းတော့ ဒီအဆင့်ကိုလုပ်နိုင်စွမ်းရှိကြတာချည်းပါပဲ။ တစ်ကိုယ်ကောင်းမဆန်မှုနဲ့အတူ ဖောက်ချလုပ်မှုလိုအပ်တယ်။ အချိန်လည်းယူရမယ်။

## သင့်ဩဇာလွှမ်းမှုက အကောင်းမြင်မှုသော်လည်းကောင်း အဆိုးမြင်မှုသော်လည်းကောင်း ဖြစ်နိုင်

အမေရိကန်ဘေ့စ်ဘောသူရဲကောင်း"ဂျက်ကီရော်ဘင်ဆင်"က တစ်ခါကမှတ်ချက်ချရေးခဲ့ဖူးတယ်။ "ဘဝတစ်ခုဟာ အခြားဘဝတွေအပေါ် သွတ်သွင်းလာနိုင်တဲ့အခါမှသာ ကြီးကျယ်ခမ်းနားလာတာပါ" လို့ဆိုပါတယ်။ "ရောဘင်ဆင်"ကိုယ်တိုင်က အမေရိကန်ပြည်သူတွေထဲ အံ့မခန်းအောင် သွတ်သွင်းပေးနိုင်ခဲ့တယ်။ သူဟာ ၁၉၄၀ ခုနှစ်တွေ အလယ်ပိုင်းက မေဂျာလိဂ်ဘေ့စ်ဘောပွဲတွေ အသားအရောင်ခွဲခြားချိုးနှိမ်မှု ပြင်းထန်နေတဲ့ကြားထဲက အမေရိကန်ရဲ့ပထမဆုံး အာဖရိကန်အမေရိကန်ကပြားလူမည်းအားကစားသမားအဖြစ် နာမည်ကျော်ခဲ့တယ်။ သတ်မယ်ဖြတ်မယ် တကဲကဲခြိမ်းခြောက်မှုတွေကို တောင့်ခံပြီး စရိုက်ကောင်းမှုဂုဏ်သိက္ခာကို ထူထောင်နိုင်ခဲ့တယ်။ *"The Sports 100"* စာအုပ်ရေးသူ "ဘရက်ဟာဇော့ဂ်"က သူ့ကို အမေရိကန်အားကစားသမိုင်းမှာ ဩဇာအလွှမ်းမိုးနိုင်ဆုံးသောလူဖြစ်တယ်လို့ ချီးမွမ်းခဲ့တယ်။

သင့်ရဲမိသားစု သင်နဲ့ပူးတွဲအလုပ်လုပ်ဖက်၊ စတိုးဆိုင်ထဲက သင့်စာရေးနဲ့သင်အပြန်အလှန်ဆက်သွယ်ချက်ရှိထားရင် အခြားလူတွေရဲ့ ဘဝများစွာနဲ့ သင့်ဘဝထိတွေ့ကြောင်း အသိအမှတ်ပြုမိလိမ့်မယ်။ သင့်မိသားစုတွေအပေါ် သင့်ဩဇာက သင်အခုမှတွေ့ရတဲ့သူစိမ်းတွေ

mgyoe.com

mgyoe.com



အပေါ် သင့်ဩဇာထက်ပိုကြီးမားမှာကတော့ သေချာပါတယ်။ နာမည်ကျော်တစ်ယောက်ရဲ့ဩဇာမျိုးရှိတယ်ဆိုရင်တော့ သင့်ဩဇာက သင်မသိတဲ့သူတွေအပေါ် လွှမ်းနေမှာပါပဲ။

## အကောင်းမြင်ဩဇာလွှမ်းသူက အခြားသူများထံ တန်ဖိုးများထပ်ဆောင်းပေးတယ်။

ဩဇာလွှမ်းမှုအဆင့်ကို ပိုမြင့်မြင့်လုပ်နိုင်လေ အခြားသူတွေကို အကောင်းမြင်ဩဇာညောင်းနိုင်ပြီး သူတို့ဘဝတွေထဲ တန်ဖိုးထပ်ဆောင်းပေးနိုင်လာတယ်။ ဒါဟာ ဘယ်အကောင်းမြင်ဩဇာညောင်းသူအတွက်မဆို မှန်ကန်တယ်။ ကျောင်းဆရာမတစ်ယောက်ဟာ သူတပည့်မကျောင်းသူလေးရဲ့ခံစားမှုကောင်းရေးကို မေတ္တာတရား၊ ယုံကြည်မှုတွေနဲ့လုပ်ပေးနိုင်ရင် သူမဘဝမှာ တန်ဖိုးတွေလည်း ထပ်ဆောင်းပေးနိုင်မှာပဲဖြစ်တယ်။ အလားတူပဲ အလုပ်ရှင်က သူ့အလုပ်သမားတွေအပေါ် မိဘက သားသမီးအပေါ် ကူညီပေး၊ ကူးလူးဆက်သွယ်ပေး၊ တာဝန်ဝတ္တရားတွေ ကျေပွန်မယ်ဆိုရင် သူတို့ဘဝတွေကို တန်ဖိုးဆောင်းပေးသလိုရှိမယ်။

သင်တခြားလူတွေအပေါ် ဘယ်လိုဩဇာမျိုးလွှမ်းနေတယ်ဆိုတာ မသိနိုင်ဘူး။-သင့်လုပ်ရပ်က လူထောင်သောင်းရဲ့ဘဝတွေအပေါ် ထိတွေ့နိုင်တယ်။ သင်ရဲ့ဩဇာလွှမ်းမှုအဆင့်က တည်ငြိမ်ပြီးမနေဖို့က အရေးပါတဲ့ သတိပြုစရာအချက်ပဲဖြစ်တယ်။ ယခင် အတိတ်က အခြားသူတွေအပေါ် သင်အဆိုးမြင်အာနိသင်သက်ရောက်ဦးတော့ ဒါကို အကောင်းမြင်သွတ်သွင်းမှုဆီဘက် ပြောင်းနိုင်တယ်။ အခု သင်ရဲ့ဩဇာညောင်းမှုနိမ့်ကျနေရင်လည်း သင်ဒါကို တိုးမြှင့်နိုင်ပါတယ်။

mgyoe.com

mgyoe.com



## ဩဇာလွှမ်းသူစာရင်းထဲ ဘယ်သူတွေပါလဲ

လူတိုင်းထိုင်ပြီး စာရင်းမှတ်ထားနိုင်တာကတော့ သူတို့ဘဝထဲ တန်ဖိုးတွေပေါင်းဖြည့်ပေးတဲ့သူတွေကိုပါပဲ။ ဥပမာ "ဂျင်း"နဲ့ "နမ်စီ"တို့ လင်မယားတွေရဲ့ဘဝအပေါ် ဩဇာသွတ်သွင်းသက်ရောက်ခဲ့တဲ့ "ဂျယ်ရီ" နဲ့ "ပက်တီဘူးမွန့်"တို့လင်မယားတို့ရဲ့ ကျေးဇူးပြုချက်ပုံပြင်ပဲ ဖြစ်ပါတယ်။ "ဂျင်း"ပြောပြတဲ့ သူတို့ဇာတ်ကြောင်းက ခုလိုပါ။

"နမ်စီ"နဲ့ ကျွန်တော် 'ပက်တီ'နဲ့'ဂျယ်ရီ'ကိုစတွေ့တာ ကျွန်တော်တို့ဇနီးသည်တွေ အသီးသီးကိုယ်ဝန်ဆောင်ကြစဉ်ကဖြစ်တယ်။ "ဘူးမွန့်"တို့က ဂန္ထဝင် ကျကျလင်မယားပဲ။ စူးရှထက်မြက်ပြီး ယုံကြည်ချက်ရှိကြတယ်။

မိန်းမသားနှစ်ယောက်ကိုယ်ဝန်ကို ဆရာဝန်ထံစပြစဉ်ကပဲ စကားလက်ဆုံကျရာကစတင် ခင်မင်မိတ်ဆွေစဖြစ်လာကြတာပါ။ "နမ်စီ"က သူ့ကိုယ်ဝန်ဟာ ယောကျာ်းလေးမွေးဖို့ပဲလို့ပြောတော့၊ သမီးကြီး"ဟိသာ"မွေးပြီးလို့ ၅ နှစ်ရှိပြီးချိန် ဒုတိယသားလေးအတွက် မျှော်လင့်ချက်တွေ တိုးလာပါတယ်။

ကိုယ်ဝန် ၉ လလွယ်ပြီးတဲ့အခါ "နမ်စီ"ဟာ ကျွန်တော်တို့ရဲ့ သားဦးလေး"အဲရစ်"ကိုမွေးပါတယ်။ မွေးခါစတော့ ပုံမှန်အတိုင်းပါပဲ။ မွေးပြီးလို့ နာရီအနည်းငယ်ကြာတော့"အဲရစ်"ဟာ ကျောရိုးမမှာ မွေးရာပါရောဂါပိုးစွဲကပ်ပြီး ဦးနှောက်ပတ်ဝန်းကျင်တစ်သျှူးရောင်ရမ်းတဲ့ သွက်ချာပါဒရောဂါဖြစ်နေမှန်း သိရတဲ့အတွက် မွေးခါစမှာပဲ ဦးနှောက်ခွဲစိတ်ကုသရတော့တယ်။ အဲဒီမွေးပြီးချိန်ကစလို့ ပထမဆုံး ၉ လတာအတွင်း ခွဲစိတ်ရတာ ၁၁ ကြိမ်အထိခွဲစိတ်ရတာမို့ တစ်နှစ်ပတ်လုံး ကလေးဆေးရုံမှာပဲ အချိန်ကုန်ခဲ့ရတယ်။

ကျွန်တော်တို့လင်မယား"အဲရစ်"ရဲ့ ဝေဒနာကို စိတ်ညစ်၊ အား

mgyoe.com

mgyoe.com



ပျက် စိုးရိမ်စိတ်တွေကဲနေချိန်မှာ ကျွန်တော်တို့ဘေးတစ်လျှောက် မနားတမ်းလိုက်ပါကူညီပေးနေတာက "ဂျယ်ရီ"နဲ့ "ပက်တီဘူးမွန့်"တို့ လင်မယားပဲဖြစ်တယ်။ "အဲရစ်"ကိုမွေးတဲ့ပထမဆုံးနေ့ကတည်းက ဆေးရုံကိုလာကြည့်တဲ့သူတို့ရဲ့နှစ်သိမ့်မှု၊ ကူညီအားပေးမှုတွေက ခွဲစိတ်ခန်းထဲ သားလေးရောက်တဲ့အခိုက်တွေ အထင်ရှားအပေါ်လွင်ဆုံးပါပဲ။ ဆေးရုံစောင့် ကျွန်တော်တို့အတွက် အစားအစာတွေယူလာကျွေးတယ်။ ဘုရားသခင်မှာ သီးခြားစီမံကိန်းရှိနေတယ်လို့ ကျွန်တော်တို့ ထင်မှတ်စွဲမိတဲ့အထိ ကျွန်တော်တို့မှာ ယုံကြည်ချက်နဲ့ခွန်အားတွေ ပြည့်လို့ ငြိမ်းချမ်းမှုပါရလာပါတယ်။

ယခုအခါမှာ "အဲရစ်"က ကြီးပြင်းအရွယ်ရောက်လို့ လျှပ်စစ်ဘီးတပ်ကုလားထိုင်နဲ့ဖြစ်နေပြီ။ သူတို့ဘဝမှာ ဩဇာအလွှမ်းမိုးဆုံးက "ဂျယ်ရီ"နဲ့ "ပက်တီဘူးမွန့်"တို့လင်မယားပါပဲ။

သင်ဟာ ဩဇာလွှမ်းသူဖြစ်လာရင် အလွှမ်းခံရသူတွေက ရေးမှတ်တဲ့ မိမိအပေါ် ဩဇာညောင်းသူစာရင်းထဲမှာ သင့်နာမည် ထိပ်ဆုံးက ပါလာနိုင်ပြီပဲဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com

[၁]

## ဩဗာလွှမ်းသည့်လူသည်. . .လူများအပေါ် ရိုးဖြောင့်၍ စာရိတ္တကောင်းသည်

"ဂျင်း"ရဲ့ပြောပြချက်အရ နှစ်အနည်းငယ်ခန့်က သူနဲ့သူ့ဇနီး "နမ်စီ"တို့နှစ်ယောက် ဥရောပကို အလုပ်ကိစ္စနဲ့ခရီးထွက်စဉ် လန်ဒန်ရောက်တော့ သူမမွေးနေ့နဲ့ကြုံကြိုက်တယ်။ သူမအတွက် လက်ဆောင်ဝယ်ပေးဖို့"အက်စ်ကာဒါ"ခေတ်ပေါ် ဖက်ရှင်ဆိုင်ကိုခေါ်သွားတယ်။ ဝတ်စုံတစ်ထည် နှစ်ထည်လောက်တော့ ဝယ်ပေးမယ်ပေါ့လေ။

ဆိုင်ရောက်တော့ "နမ်စီ"ခမျာ ဟိုဟာလည်းကြိုက်။ ဒီဟာလည်းကြိုက်နဲ့ ထုတ်ပြသမျှဝတ်စုံတွေအကုန်လုံး မျက်စိကျနေတော့တယ်။ ဒါနဲ့ ကျွန်တော်က အရောင်းသမားကို သူမ ကြိုက်သမျှ အကုန်လုံး တစ်ပြုံတစ်ခေါင်းစုပုံစာရင်းမှတ်ပြီး ကုန်ကျသမျှ တွက်ကြည့်ဖို့ ပြောရတယ်။

mgyoe.com

mgyoe.com


နောက်နှစ်ရက်ကြာတော့ လန်ဒန်'ဟီသရိုး' လေဆိပ်ကနေ အမေရိကန်'ဆန်ဖရန်စစ္စကို' အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပြန်လာတယ်။ အကောက်ခွန်ဌာနကို ကုန်ပစ္စည်းတွေဖြတ်သန်းစဉ် သက်ဆိုင်ရာ အရာရှိတွေက ဘာပါလာသလဲလို့ ထုံးစံအတိုင်းမေးတော့ 'အဝတ်အစားတွေချည်းပါပဲ'လို့ ကျွန်တော် အမှန်အတိုင်းဖြေတာကို မယုံတဲ့မျက်နှာထားနဲ့ အရာရှိက "နောက်မနေနဲ့နော် အကုန်လုံးမှောက်ချပြီး စစ်မှာ"လို့ပြောပြီး ပြောတဲ့အတိုင်း မှောက်ချပြီး စစ်ပါလေရော။

လက်တွေ့မှာ ကျွန်တော်ပြောတာမှန်ပေမဲ့ အချိန်ကတော့ ၄၅ မိနစ်ကုန်သွားပြီး တန်ဆာခက ဒေါ်လာနှစ်ထောင်ခန့်ကျသွားပါတယ်။ ပစ္စည်းတွေပြန်ထည့်စဉ် စစ်ဆေးတဲ့တာဝန်ခံအေးဂျင့်က "ခင်ဗျား ဘယ်သူလဲဆိုတာ ကျွန်တော်သိပါတယ်၊ 'ဂျင်းဒိုနန်'မဟုတ်လား"လို့ ပြောလိုက်တယ်။ "ခင်ဗျားရဲ့ရုံးအဖွဲ့ထဲမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ်ဗျ။ ခင်ဗျားရုံးအဖွဲ့က Network Twenty One မဟုတ်လား"တဲ့။

ကျွန်တော်က ဟုတ်ပါတယ်။ သူ့ကိုတော့ မသိပါလားလို့ ပြောမိတယ်။

"ခင်ဗျားရဲ့ပုံတွေ ကျွန်တော်မြင်ဖူးပါတယ်။ ခင်ဗျားရဲ့အဖွဲ့နဲ့ ဆက်သွယ်ရင် အကျိုးရှိမယ်လို့တော့ သူငယ်ချင်းကပြောပါတယ်။ သူပြောတုန်းကတော့ ကျွန်တော် အမှတ်တမဲ့ပဲ။ အခုတော့ ပြန်စဉ်းစားသင့်ပြီလို့ထင်မိပါတယ်။ လူတိုင်း အကောက်ခွန်ကိုဖြတ်တိုင်း ဂျူတီမဆောင်ဘဲ ရသမျှသိုဝှက်ထားဖို့ပဲ ကြိုးစားကြတယ်။ ခင်ဗျားကတော့ ကိုယ်သယ်လာသမျှ ပွင့်ပွင့်လင်းလင်းပဲ ပြဿနာမရှိချပြတယ်။ ခင်ဗျား ပိုက်ဆံတွေ အများကြီးစုဆောင်းမိမှာ သေချာတာပေါ့ဗျာ"လို့ သူက ဆိုပါတယ်။

mgyoe.com

mgyoe.com


ဘဝရဲ့ထောင့်တွေအားလုံးကို ဖြတ်နေစဉ်မှာ လူများစွာကတော့ ထင်မိကြမယ်။"ဒါ ဘယ်သူသိတာမှတ်လို့"ဆိုပြီး လျှို့ဝှက်ဖုံးဖိကြမယ်။ အမှန်က ဘာမဆို တခြားသူတစ်ယောက်မဟုတ် တစ်ယောက်တော့ သိသွားတာချည်းပါပဲ။ သူငယ်ချင်း၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်၊ မိသားစု သားသမီး၊ ဆွေမျိုးထဲကဖြစ်ဖြစ်၊ ရပ်ကွက်ထဲအိမ်နီးချင်းတစ်ယောက် ယောက်ကတော့ ကိုယ်ရဲ့လျှို့ဝှက်ချက်ကို သိသွားတတ်တာချည်းပဲ ဖြစ်တယ်။ ဒီလိုသူတို့သိသွားတာကို ကာယကံရှင်ကိုယ်တောင် မသိ လိုက်ရ မရိပ်မိလိုက်ဘူး။

ပိုအရေးကြီးတာက သင့်လမ်းကြောင်းက ခြေရာမှန်သမျှဖုံးနိုင် သမျှ ဖုံးစမ်းပါစေ၊ ဘာအကျိုးရှိသလဲ ပြန်စဉ်းစားပါ။

သင်ရဲ့ရိုးဖြောင့်ခြင်းဂုဏ်သိက္ခာကိုတော့ ဘယ်ဈေးနဲ့မှ မရောင်း စားမိဖို့ရာ အရေးကြီးလှပါတယ်။

### စစ်မှန်သော ရိုးဖြောင့်ခြင်းက ရောင်းရန်မဟုတ်ပါ။

ဘဝရဲ့ရှုထောင့်အသွယ်သွယ်မှာ စရိုက်လက္ခဏာက ပြဿနာ တက်တတ်လာစမြဲပဲဆိုတာ သင်မြင်နိုင်ပါတယ်။ ဥပမာ ငွေကြေး လုပ်ငန်းသမား"အိုင်ဗန်ဘိုအော့စကီး"က လောဘကို "ကောင်းတဲ့ကိစ္စ" လို့ ခံယူပြီး ဒါကို UCLA လုပ်ငန်းကျောင်းမှာ ဖြောင်ကျကျဟော ပြောခဲ့တယ်။ ဒီမှောက်မှားတဲ့အတွေးအခေါ်က သူ့ကို ပြဿနာတက် စေတော့တာပဲ။ "ဝေါစထရိ"လမ်းမတစ်ဝိုက် ငွေကြေးမှာ သူ့ရဲ့လောက နီတိကျင့်ဝတ်ပျက်ပြားတာတွေ များပြားလာလို့ နာမည်ပျက်ပြီး တရားဖြစ်ပြီး ဒဏ်ငွေ ဒေါ်လာသန်း ၁၀၀ ဆောင်ရပြီး ထောင်ဒဏ် သုံးနှစ်ကျရတယ်။

လူများစွာက ရိုးဖြောင့်မှုကို ခေတ်နောက်ကျနေတဲ့အယူအဆ

mgyoe.com

mgyoe.com


ဘိုးတော်ဘုရားလက်ထက်က အကျင့်ပဲရယ်လို့ အထင်သေးအမြင်သေး ပစ်ပယ်ကြတယ်။ ယခုခေတ်လို ဖျံ့ကျတဲ့ခေတ်မှာ သုံးလို့မရဘူးလို့ အထင်မှားကြတယ်။ ရိုးဖြောင့်ခြင်းဂုဏ်က ယနေ့တိုင်လိုအပ်ပြီး နောင်လည်း ထာဝရလိုအပ်နေဦးမယ်ဆိုတာ သေချာနေတယ်။ ဩဇာကြီးသူဖြစ်လာချင်တဲ့လူမှန်ရင် ဒါကလုံးဝမရှိမဖြစ် လိုအပ်နေတယ်။

"စတီဖင်ကိုဗေး"က သူ့ရဲ့ "The Seven Habits of Highly Effective People" စာအုပ်မှာ လူတစ်ယောက်ရဲ့အောင်မြင်မှုမှာ ရိုးဖြောင့်ခြင်းဂုဏ်ရှိဖို့ အရေးကြီးတာကို ရေးသားထားပါတယ်။

"ကျွန်တော်လုပ်စေချင်တာ ပိုကောင်းကောင်းနဲ့ပိုမောင်းတင်လုပ်စေချင်တာမှန်သမျှ လူတွေလိုက်လုပ်စေဖို့၊ လူ့ဩဇာလွှမ်းရေးမဟာဗျူဟာနဲ့ နည်းဗျူဟာတွေ အသုံးပြုရေး ကျွန်တော်ကြိုးစားမယ်ဆိုရင် ကျွန်တော့်စရိုက်တွေဟာ အခြေခံအားဖြင့် အမှောက်မှောက်အမှားမှားဖြစ်ပြီး ဇဝေဇဝါသံသယတွေပွားလို့ မရိုးမသားဖြစ်လာပြီး ရေရှည်မှာ ကျွန်တော်မအောင်မြင်နိုင်တော့ဘူး။ ကျွန်တော်ရဲ့သံသယပွားစေမှုက ကိုယ့်အပေါ်မယုံကြည်မှုသာ မွေးမြူသလိုဖြစ်စေပြီး ကျွန်တော်လုပ်သမျှ အရာရာတိုင်းကောင်းတဲ့ လူ့ဆက်ဆံရေးနည်းစနစ်ဆိုတဲ့ဟာ သုံးထားသည့်တိုင်အောင် ကလိမ်ကလှည့်တယ်ပဲထင်ကြမယ်"

## အသေးအဖွဲကိစ္စတွေမှာလည်း တည်ကြည်ဖြောင့်မတ်ရမယ်

သင့်လုပ်ငန်းအောင်မြင်ရေးမှာ တည်ကြည်ဖြောင့်မတ်ခြင်း သမာဓိဂုဏ်ရှိဖို့က အရေးကြီးပါတယ်။ ဒီရိုးသားဖြောင့်မတ်ခြင်းသမာဓိဂုဏ်ကို အခြေခံထားပြီးမှသာ လေးစားကြည်ညိုခြင်း၊ ယုံကြည်မှုစွဲမြဲခြင်း၊ ဂုဏ်သိက္ခာတို့ကို ထပ်မံတည်ဆောက်နိုင်လိမ့်မယ်။ ရိုးဖြောင့်ခြင်း အခြေခံက အားနည်းနေရင် ဩဇာကြီးသူဖြစ်လာဖို့ အကြောင်းမရှိ

mgyoe.com

mgyoe.com


တော့ဘူး။ "ချဲရယ်ဘီအယ်"က "ဘဝရဲ့အမှန်တရားတစ်ခုက တကယ်လို့ သင် လူတစ်ယောက်ကို ဘက်ပေါင်းစုံအရ ယုံကြည်လို့မရနိုင်ရင် သူ့ကို သင် ဘယ်သောအခါမှ ဘယ်လိုအကြောင်းနဲ့မှ မယုံကြည်နိုင်တော့ပါဘူး"လို့ ဆိုခဲ့တယ်။ ကိုယ့်မှာ ရိုးဖြောင့်မှုကင်းမဲ့နေတာကို အချိန်ကာလတစ်ခုမှာ ဖုံးကွယ်ထားနိုင်ဦးတော့ နောက်ဆုံးတစ်နေ့ ကျဆုံးရမှာပဲ။ ဒီမတိုင်မီ လွှမ်းနိုင်တဲ့ သင့်ဩဇာတွေတောင် ပြန်ပျောက်ကွယ်ဦးမယ်။

ရိုးဖြောင့်တည်ကြည်မှုအကြောင်း စဉ်းစားရင် မုန်တိုင်းထန်ရေလွှမ်းစဉ်ကာလ၊ အိမ်တစ်ဆောင်ရဲ့အုတ်မြစ်နဲ့ အလားသဏ္ဍာန်တူလှတယ်။ အုတ်မြစ်က တောင့်တင်းကျစ်လျစ်ခိုင်မာနေမှသာ လွှမ်းလာတဲ့ရေအားကိုခံထားနိုင်မယ်။ အိမ်ရဲ့အုတ်မြစ်မှာ အက်ကြောင်းကွဲကြောင်းတွေ အစကတည်းက ထင်နေရင်တော့ အဲဒီအက်ကွဲကြောင်းတွေ ရေဝင်လို့ နောက်ဆုံးအိမ်ကြီးတစ်ခုလုံး လှိုက်စားပြိုပျက်လိမ့်မယ်။

ဒါကြောင့် ရိုးဖြောင့်ခြင်းဟာ အသေးအဖွဲ့ကွေမှာလည်း ဒီဂုဏ်ကိုထိန်းသိမ်းထားဖို့က အသက်တမျှ အရေးပါနေတယ်။ အသေးအဖွဲ့ကိစ္စတွေမှာတော့ လိမ်ရင်၊ ညာရင် အကြောင်းမဟုတ်ဘူးလို့ လူတွေထင်တတ်ကြတယ်။ သူတို့ထင်သလို မဟုတ်ပါဘူး။

"ဝက်(ဘ)စတား"ရဲ့ "New Universal Unabridged Dictionary"အဘိဓာန်မှာ "တည်ကြည်ရိုးဖြောင့်မှု"ကို အကျယ်ဖွင့်ပြတာက "စာရိတ္တနဲ့ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းကို စွဲစွဲမြဲမြဲကိုင်ဆွဲထားခြင်း၊ စာရိတ္တစရိုက်လက္ခဏာခိုင်မာမှု၊ သစ္စာရှိခြင်း"လို့ဆိုထားတယ်။ ကျင့်ဝတ်စည်းမျဉ်းဆိုတာ ပျော့ပျောင်းညင်သာ လိုသလိုဆွဲလို့ကျုံ့လို့မရဘူး။ ခိုးဝှက်တာခိုးဝှက်တာပဲ။ ၁ ကျပ်ပဲခိုးခိုး၊ သန်းတစ်ရာပဲခိုးခိုး မထူးဘူး။

mgyoe.com

mgyoe.com


ရိုးဖြောင့်တည်ကြည်မှုက သူ့ကိုယ်သူ ကိုယ်ရေးကိုယ်တာ အကျိုးထက်စရိုက်ကောင်းရေးအပေါ်မှာ အရာဝတ္ထုကိစ္စတွေထက် လူတွေအပေါ်မှာ တန်ခိုးအာဏာအရာထက် လုပ်ငန်းဝန်ဆောင်မှုအပေါ်မှာ သက်သက်သာသာဖြစ်ရေးထက် စည်းမျဉ်းအပေါ်မှာ လတ်တလောထက်ရေရှည်အပေါ်မှာ ဇောက်ချထားတယ်။

Automatic Data Processing Inc. ရဲ့ CEO နဲ့ဥက္ကဋ္ဌဖြစ်သူ "ဂျို့ဝက်စတန်"က "ကျွန်တော် အမြဲတမ်းရိုးစင်းတဲ့ဥပဒေစည်းမျဉ်းတစ်ခုကို လိုက်နာနေသွားပါတယ်။ အဲဒါကတော့ နောက်နေ့သတင်းစာထဲ ကိုယ့်အကြောင်း မသက်မသာ ကိုးရိုးကားရားပါလာမယ့်ကိစ္စမျိုးကို ဘယ်တော့မှမလုပ်မိစေဖို့ပါပဲ။

## တည်ကြည်ရိုးဖြောင့်ခြင်းက အလုပ်ခွင်ထဲမှာ

လူတွေ ဒီတည်ကြည်ရိုးဖြောင့်ခြင်းနဲ့ နပမ်းလုံးနေရတဲ့ပြဿနာက သူတို့စရိုက်လျော့ပေါ့ရေးကိုရှင်းပြဖို့ လုပ်ငန်းခွင်ပြင်ပမှာပဲလုပ်ရေးပိုအားသန်နေကြလို့ဖြစ်တယ်။ ဒါပေမဲ့ ရိုးဖြောင့်ခြင်းဟာ လုပ်ငန်းခွင်ထဲမှာလည်း ပြင်ပမှာလိုပဲ တိုးတက်နေရမှာပါ။ တွေးနေကျဖြစ်တာတွေဆန့်ကျင်ပြီး တွေးခေါ်သွားရမယ့် အောက်ပါအမှန်တရားသုံးခုကို ကြည့်ပါ။

**၁။ ရိုးဖြောင့်ခြင်းကိုအခြေအနေတွေက ဆုံးဖြတ်တာမဟုတ်ပါ။**

ခြားနားတဲ့ပတ်ဝန်းကျင်မှာသာ မွေးဖွားကြီးပြင်းလာရရင် သူတို့ဟာ ဒီလိုဖြစ်မှာမဟုတ်ဘူးလို့ စရိုက်မကောင်းသူလူများစွာက အကြောင်းပြတတ်တယ်လို့ စိတ်ပညာရှင်တွေ၊ လူမှုရေးဗေဒပညာရှင်တွေက ယနေ့ပြောကြတယ်။ အသက်ကြီးလာလေလေ ရွေးချယ်စရာ

mgyoe.com

mgyoe.com


အရေအတွက်ကများလာလေလေပဲ။ အကောင်းအဆိုးဘာပဲဖြစ်ဖြစ်ပေါ့။ ပတ်ဝန်းကျင်တစ်ခုတည်း၊ အိမ်တစ်အိမ်တည်းမှာတောင် လူသားနှစ်ဦးနှစ်မျိုးကြီးပြင်း ပေါက်ဖွားနိုင်ပါတယ်။ ရိုးသားဖြောင့်မတ်သူနဲ့ ဒါမျိုးမရှိတဲ့လိမ်ညာ ကွယ်ဝှက်ကောက်ကျစ်သူတို့ပဲ ဖြစ်တယ်။ နောက်ဆုံးတော့ သင်ရဲ့ရွေးချယ်မှုအတွက် တာဝန်ရှိသူက သင်ပါပဲ။

၂။ ရိုးဖြောင့်ခြင်းက ရာထူးခန့်ထောက်ခံစာများအပေါ် အခြေမခံပါ။

ရှေးရှေးက အုတ်ချပ်ဖုတ်သူတွေ၊ သင်္ချိုင်းဂူဆောက်သူတွေနဲ့ အခြားသူတွေဟာ သူတို့ဆောက်တဲ့လက်ရာတွေမှာ လုပ်သူဘယ်သူလဲဆိုတာပြဖို့ သင်္ကေတတွေ မှတ်သားထားတတ်တယ်။ ဒီသင်္ကေတအမှတ်အသားက စရိုက်လက္ခဏာတွေကို သုံးထားတယ်။ လက်ရာရဲ့အရည်အသွေးကောင်းသလောက် လုပ်သူမှာ နာမည်ကောင်းထွက်ပြီး သူ့အလုပ်ခန့်စာအတွက် တန်ဖိုးတွေထပ်ဆောင်းမိပါတယ်။ လက်ရာကောင်းရင် စရိုက်ကောင်းတယ်။ လက်ရာညံ့ရင် စရိုက်ပါညံ့တယ်ဆိုတဲ့သဘောမှတ်ကြတယ်။

ဒီသဘောဟာ ဒီနေ့အထိ ကျွန်တော်တို့အတွက် အလားတူမှဲ့ လူတချို့ဟာ သူတို့ ဘယ်သူလဲလို့ ဆုံးဖြတ်ဖို့အတွက် ဒီလိုအလုပ်ခန့်စာ၊ ထောက်ခံချက်တွေ၊ ရာထူးနာမည်တွေပြဖို့ပဲ အားကိုးပြီး ပင်ကိုယ်စရိုက်ကောင်းရေးကို ထည့်မတွက်တော့ဘူး။ အခြားသူတွေကို ဩဇာလွှမ်းဖို့ သူတို့ရဲ့ဆန္ဒဟာ သူတို့ရဲ့ကိုယ်ပိုင်စရိုက်အင်အားထက် သူတို့ရတဲ့ရာထူးခန့် ထောက်ခံချက်တွေအပေါ်မှာပဲ အားပြုထားတာတွေ့ရတယ်။ ပင်ကိုယ်စရိုက်က လုပ်နိုင်သလောက် ဒီရာထူးခန့်ထောက်ခံချက်တွေက မလုပ်နိုင်ပါဘူး။ ဒီနှစ်ခုကြားက အောက်ပါခြားနားချက်တွေကို ယှဉ်ကြည့်နိုင်တယ်။

mgyoe.com

mgyoe.com



| | |
|---|---|
| ရာထူးခန့်ထောက်ခံချက်များ | ပင်ကိုယ်စရိုက်ကောင်းမှု |
| အချိန်တိုအတွင်းပဲခံတယ်။ | ထာဝရတည်တံ့ခိုင်မြဲတယ်။ |
| ရပိုင်ခွင့်ပေါ်အာရုံစိုက်။ | တာဝန်ပိုင်းအပေါ်အာရုံစိုက်ထား။ |
| လူတစ်ဦးအတွက်သာ တန်ဖိုးဆောင်း။ | လူများစွာအတွက် တန်ဖိုးဆောင်းပေး |
| ပြီးမြောက်မှုတွေကျော်သွားရင်မေ့ပစ်တတ်။ | အနာဂတ်အတွက် အမွေကိုတည်ဆောက်။ |
| အခြားသူအပေါ် မနာလိုမှုပေါ်လာတတ်။ | လေးစားရိုသေမှုနဲ့ ရိုးဖြောင့်မှုတွေများလာ။ |

အခြားသူအပေါ် ဩဇာလွှမ်းဖို့ ကြုံလာတိုင်း မည်သည့်ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရုံးအလုပ်ခန့်စာ ထောက်ခံချက် ဆုတံဆိပ်၊ လိုင်စင်လက်မှတ်၊ သင်တန်းဆင်း လက်မှတ်တွေကမှ အခြေခံပင်ကိုယ်စရိုက် ရိုးဖြောင့် သစ္စာရှိတည်ကြည်မှုနဲ့ အစားမထိုးနိုင်ပါဘူး။

## ၃။ ရိုးဖြောင့်မှုကို နာမည်ကောင်းထွက်မှုနဲ့ မရောထွေးရ။

နာမည်ကောင်းထွက်မှုက အဖိုးတန်တာ သေချာပါတယ်။ ရှေးဟောင်း အစ္စရေးဘုရင်'ဆော်လမွန်'က "နာမည်ကောင်းတစ်ခုက မဟာချမ်းသာကြွယ်ဝမှုထက်ပိုလိုချင်စရာ ကောင်းပါတယ်"လို့ ဆိုခဲ့တယ်။ ဒါပေမဲ့ နာမည်ကောင်းမှုက ပုဂ္ဂိုလ်တစ်ဦးရဲ့စရိုက်ကောင်းမှု ရောင်ပြန်ဟပ်မှသာ တည်ရှိနိုင်တာပါ။ နာမည်ကောင်းတစ်ခုက ရွှေဆိုရင် အားကောင်းတဲ့ ရိုးဖြောင့်တည်ကြည်မှုက ရွှေတွင်းသိုက်ဖြစ်တယ်။ "ဒီ၊ အယ်၊ မိုဒီ"က "တကယ်လို့ ကျွန်တော့်စရိုက်ကောင်းမှုကိုသာ ဂရုစိုက်သွားရင် ကျွန်တော့်ရဲ့နာမည်ကောင်းမှုက သူ့ဟာသူ ဂရုစိုက်သွားမယ်

mgyoe.com


လိမ့်မယ်”လို့ ဆိုခဲ့တယ်။

သင့်ရဲ့ရိုးဖြောင့်မှုကို တိုင်းတာရန်မေးခွန်း

၁။ ကိုယ်ဘာမှ အကျိုးအမြတ်မရနိုင်သူနဲ့ မည်သို့ကောင်းကောင်း ဆက်ဆံရမည်နည်း။

၂။ အခြားသူတွေနဲ့ကျွန်ုပ်ထင်သာမြင်သာရှိရဲ့လား။

၃။ ငါတစ်ယောက်တည်းရှိနေစဉ် ငါ့ကိုဝိုင်းအုံအာရုံစိုက်နေတဲ့ အခါ ငါ အလားတူပုဂ္ဂိုလ်ပဲဖြစ်နေသလား။

၄။ အတင်းအကျပ်မခိုင်းဘဲနဲ့ ကိုယ့်အမှားကို မြန်မြန်ဝန်ခံတတ် သလား။

၅။ ကိုယ်ရဲ့ကိုယ်ရေးကိုယ်တာလုပ်ငန်းစဉ်ထက် အခြားသူတွေကို ရှေ့တန်းတင်တတ်သလား။

၆။ အခြေအနေတွေက ကိုယ်ရဲ့ရွေးချယ်မှုကို ဘယ်လိုပဲဆုံးဖြတ် သည်ဖြစ်စေ၊ ကိုယ်ရဲ့စာရိတ္တရေးဆုံးဖြတ်ချက်ရဲ့ အဆင့် အတန်းမပြောင်းတတ်ဘူးလား။

၇။ သူတို့မှာ ကိုယ်ရေးကိုယ်တာ တန်ဖိုးတစ်ခုချည်နှောင်ထားတဲ့ တိုင်အောင် ငါခက်ခဲတဲ့ဆုံးဖြတ်ချက်တွေ ချမိသလား။

ဒီမေးခွန်းတွေဖြေဖို့ အလောသုံးဆယ်လုပ်စရာမလိုပါ။ သေသေ ချာချာ အချိန်ယူစဉ်းစားပြီးမှ ဖြေကြည့်ပါ။ ကိုယ့်ကို ဒုက္ခအပေးဆုံး နယ်ပယ်မှာ အလုပ်လုပ်ပါ။ အောက်ပါစာကြောင်း သုံးကြောင်းကို သတိရပါ။

mgyoe.com

mgyoe.com


များစွာသောလူတွေ သူတို့သိထားသမျှနဲ့ တဒင်္ဂတော့ အောင်မြင်တတ်၏။
အနည်းငယ်သောလူတို့ သူတို့လုပ်သမျှနဲ့ ယာယီအားဖြင့် အောင်မြင်တတ်၏။
မဆိုစလောက်သောလူတို့သာ သူတို့ဖြစ်နေသမျှနဲ့ ထာဝရ အောင်မြင်ကြ၏။

## ရိုးဖြောင့်ခြင်းက သင့်ရဲ့အကောင်းဆုံးမိတ်ဆွေ

သင့်ရဲ့ရိုးဖြောင့်ခြင်းနဲ့ အလျှော့ပေးစေ့စပ်မှုလုပ်တိုင်း သင့်ကိုယ်သင် ပျက်စီးမှုပမာဏတွေ များစွာလုပ်မိတတ်တယ်။ ဒါဟာဘာ့ကြောင့်လဲဆိုရင် တကယ့်ရိုးဖြောင့်အစစ်အမှန်က သင်ရဲ့အကောင်းဆုံးမိတ်တွေမို့လို့ပဲ။ ဒီမိတ်ဆွေက သင့်ကို ဘယ်တော့မှ သစ္စာမဖောက်။ သင့်ကိုလည်း အလျှော့ပေးစေ့စပ်အောင် တွန်းမပို့။ သင့်ရွေးချယ်မှု အမြဲမှန်ကန်နေအောင် ထိန်းပေးတယ်။ သင်ဖြတ်လမ်းလိုက်တဲ့အခါ လမ်းမှန်အောင်တည့်ပေးတယ်။ တခြားသူတွေ သင့်အပေါ်ဝေဖန်တာ မှားနေရင် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ဖို့ နောက်လှည့်မကြည့်စတမ်း တွန်းတင်ပေးတယ်။ တခြားသူတွေ သင့်ကိုဝေဖန်ထောက်ပြတာမှန်နေရင်တော့ ဒါကို သင်လေ့လာပြီး လက်သင့်ခံလာအောင် ကူညီပေးတယ်။

"အေဗရာဟင်လင်ကွန်း"တစ်ခါက ပြောဖူးတယ်။

"ကျွန်တော် အစိုးရအဖွဲ့ ဇက်ခွဲကြိုးတွေချထားလဲလျှောင်းနေတဲ့အခါ သူငယ်ချင်းတစ်ယောက်ပဲ ကျွန်တော့်အတွက် ချန်ထားခဲ့ချင်တယ်။ ဒီသူငယ်ချင်းက ကျွန်တော့်ရဲ့အဇ္ဈတ္တအတွင်းမှာ ရှိတယ်။

လင်ကွန်းဟာ တကယ်တော့ စည်းမျဉ်းအဓိကသမားဖြစ်နေ

mgyoe.com

mgyoe.com


တယ်။ သောမတ်ဂျက်ဖာဆင်က ပညာပါပါ ပြောခဲ့ဖူးပါတယ်။

"ဘုရားသခင်က ဒီစည်းမျဉ်းသမားကို ကျွန်တော်တို့ရဲ့စည်းမျဉ်းသမားဖြစ်အောင် အာမခံချက်ပေးထားပါတယ်။

## ရိုးဖြောင့်တည်ကြည်ခြင်းရဲ့အကျိုးကျေးဇူး၊ ယုံကြည်စိတ်ချခြင်း

ရိုးဖြောင့်တည်ကြည်မှုဆီ ဦးတည်လာတဲ့အခြေခံအကျဆုံးလမ်းကြောင်းကတော့ သင့်ကို အခြားသူတွေယုံကြည် စိတ်ချထားတာပဲဖြစ်တယ်။ သူတို့ရဲ့ယုံကြည်စိတ်ချထားတာသာမရှိရင် သင့်မှာဘာမှရှိတော့မှာ မဟုတ်ပါ။ ပုဂ္ဂိုလ်ရေးနဲ့ အသက်မွေးဝမ်းကြောင်းဆက်ဆံရေးမှာ ယုံကြည်စိတ်ချခြင်းက အရိုးရှင်းအရေးပါတဲ့ကဏ္ဍဖြစ်တယ်။ လူတွေကို အတူတူစုစည်းကပ်ထားတဲ့ကော်ဟာ ဒါပဲဖြစ်တယ်။ ဩဇာကြီးသူဖြစ်လာဖို့ရာ ဒါကသော့ချက်ပါပဲ။ "ဘားကေးနက်စ်"ကမျိုးဆက်တစ်ခုလုံးရဲ့ခံစားနေရချက်ကို ခုလိုကဗျာရေးဖွဲ့ခဲ့တယ်။

စစ်တပ်ကို ယုံကြည်စိတ်ချထားနိုင်တယ်လို့ ကျွန်တော်တို့ ထင်ခဲ့မိ။

ဒါပေမဲ့ ရောက်လာတာက "ဗီယက်နမ်စစ်"

နိုင်ငံရေးသမားတွေကို ယုံကြည်စိတ်ချထားနိုင်တယ်လို့ ကျုပ်တို့ထင်မိ။

ဒါပေမဲ့ ရောက်လာတော့"ဝါးတားဂိတ်အရှုပ်တော်ပုံ"

အင်ဂျင်နီယာတွေကို ယုံကြည်စိတ်ချထားနိုင်တယ်လို့ ကျွန်တော်တို့ ထင်မိ။

ဒါပေမဲ့ ရောက်လာတာက "ချဲလင်ဂျာကပ်ဘေး"

ပွဲစားတွေကို ယုံကြည်စိတ်ချထားနိုင်တယ်လို့ ကျွန်တော်တို့ထင်မိခဲ့။

ဒါပေမဲ့ ရောက်လာတာက "မဟူရာတနင်္လာကိစ္စ"

mgyoe.com

mgyoe.com


ဓမ္မကထိကတွေကို ယုံကြည်စိတ်ချထားနိုင်တယ်လို့ ကျွန်တော်တို့ ထင်မိ။

ဒါပေမဲ့ ရောက်လာတာက "PTL" နဲ့ "ဂျင်မီဆဝက်ဂတ်"တို့ပဲ။ ကဲ…ကျွန်တော် ဘယ်သူ့ကို ယုံကြည်စိတ်ချနိုင်ပါ့မလဲ။ ။

ဩဇာကြီးသူလူတစ်ယောက်ဖြစ်လာဖို့ရာ ရိုးဖြောင့်မှုရှိဖို့က အရေးပါလာပါတယ်။ ခိုင်မာတဲ့စရိုက်လက္ခဏာကို သင်စံနမူနာပြနိုင်ပါမှ ယုံကြည်စိတ်ချမှုခံရတော့မှာ ဖြစ်တယ်။

ယနေ့လူသားတွေဟာ ခေါင်းဆောင်ကို အသည်းအသန်လိုက်ရှာနေကြတယ်။ သူတို့ယုံကြည်စိတ်ချရတဲ့သူတစ်ယောက်ရဲ့ဩဇာအောက် ဝင်ချင်ကြတယ်။ အဲဒီယုံကြည်စိတ်ချရတဲ့သူက စရိုက်ကောင်းတဲ့သူပဲပေါ့။ သင် တကယ်လို့ အခြားသူတွေအပေါ် အကောင်းမြင်ဩဇာလွှမ်းသူဖြစ်ချင်ရင်တော့ အောက်ပါရိုးဖြောင့်ခြင်းအရည်အသွေးတွေ တိုးမြှင့်ဖို့လိုတယ်။

- **စရိုက်တောင့်တင်းခိုင်မာရေးစံနမူနာ။** သင့်ကို လူတွေ'တစ်ချိန်လုံး' ယုံကြည်စိတ်ချထားနိုင်ပါမှ ခိုင်မာတဲ့ယုံကြည်မှု တိုးတက်လာနိုင်မယ်။
- **သစ္စာရှိကူးလူးဆက်ဆံရေးချထား။** ယုံကြည်ခံရမှုနဲ့ထိုက်တန်အောင် သင့်ကိုယ်သင် ဂီတသံစဉ်ဖွဲ့မှုနဲ့တူအောင်လုပ်ပါ။ သင့်စကားလုံးနဲ့ဂီတတို့ လိုက်ဖက်ကျနေရမယ်။
- **ထွင်းဖောက်မြင်မှုတန်ဖိုး။** နောက်ဆုံးသင်ရဲ့မှောက်မှားမှုများကို သင်ဖုံးကွယ်ထားသည့်တိုင် နောက်ဆုံးလူတွေသိသွားနိုင်တယ်။ သင်ရိုးသားရင် ကိုယ့်အမှားကိုယ်ဝန်ခံ။ သင့်ရိုးဖြောင့်ခြင်းကို လူတွေ အသိအမှတ်ပြုလိမ့်မယ်။ သည့်နောက် သင်နဲ့ဆက်ဆံရေးပိုကောင်းသွားပါလိမ့်မယ်။

mgyoe.com

mgyoe.com


- နှိမ့်ချမှုမှာဥပမာပြဖြစ်ရေး။ မနာလိုမှုအတ္တတွေ သင်မောင်းထုတ်ထားရင် သင့်ကိုယုံလာပြီး ယင်းတို့နောက်ကို သင်လိုက်ရင်တော့ သင့်ကို ယုံမည်မဟုတ်။
- ကတိကဝတ်များပြည့်ဝစေ။ ကိုယ်မပေးနိုင်ဘဲ ဘယ်တော့မှ ကတိမပေးနဲ့။ ပေးမိရင်လည်း ကတိတည်အောင်ဖြစ်တဲ့နည်းနဲ့ ကြိုးစား။
- လုပ်ငန်းရဲ့သဘောထားကိုပွေ့ဖက်။ မစ်ရှင်အဖွဲ့ဆေးဆရာ "ဆာဝေးဖရက်တီ၊ ဂရန်ဖဲ"က "အခြားသူများကို သင်ကူညီလိုက်သည့်ဝန်ဆောင်မှုသည် ဤကမ္ဘာမြေရှိ ကျွန်ုပ်တို့၏ အခန်းအတွက် အမှန်ပေးရမည့်ငှားရမ်းခဖြစ် သည်" ဆိုခဲ့တယ်။ ရိုးဖြောင့်သူမှာ ပေးအပ်သူသာဖြစ်၍ ယူသူမဟုတ်ပါချေ။

**ယုံကြည်စိတ်ချရမှုရဲ့အကျိုးအာနိသင်၊ ဩဇာလွှမ်းမှု**

သမ္မတ"ဒွိုက်အိုက်စင်ဟောင်ဝါ"က သူ့အယူအဆကိုပြောခဲ့တယ်။

"ခေါင်းဆောင်ဖြစ်ဖို့ဆိုရင် လူတစ်ယောက်မှာ နောက်လိုက်တွေရှိရမယ်။ နောက်လိုက်တွေရှိဖို့ သူတို့ရဲ့ယုံကြည်မှုရထားရမယ်။ ဒီလိုနဲ့ ခေါင်းဆောင်တစ်ယောက်ရဲ့ထိပ်တန်းအကျဆုံး အရည်အချင်းက မေးခွန်းထုတ်စရာမလိုတဲ့ ရိုးဖြောင့်တည်ကြည်မှုသာ ဖြစ်တယ်။"

လူတွေ သင့်ကိုစယုံကြည်လာပြီဆိုရင် သင့်ရဲ့ဩဇာနယ်ပယ်ဟာ ကြီးလာပြီသာမှတ်။ ဒါပေမဲ့ သတိထားရမှာတော့ရှိတယ်။ တန်ခိုးအာဏာဆိုတာ မကိုင်တွယ်တတ်ရင် အန္တရာယ်ကြီးတယ်။"လင်ကွန်း" ပြောတဲ့စကားတစ်ခွန်းကို မမေ့ပါနဲ့။ "လူအားလုံးနီးပါးကတော့ ဆန့်ကျင်ဘက်ပြိုင်မှုကိုတောင့်ခံနိုင်ကြတယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့

mgyoe.com

mgyoe.com


စရိုက်သဘာဝကို စမ်းသပ်ကြည့်ချင်ရင် သူ့ကိုအာဏာသာပေးထား လိုက်ပါ"ဆိုပဲ။

## ရိုးဖြောင့်သူတစ်ယောက်ဖြစ်လာရေး

ရိုးဖြောင့်သူတစ်ယောက်ဖြစ်လာရေးအတွက် သင်ဟာ အခြေခံ စည်းမျဉ်းတွေဆီ ပြန်သွားရလိမ့်မယ်။

■ **သင့်ကိုယ်သင် သစ္စာတည်ကြည်မှု၊ မှီခိုအားထားရမှု၊ ယုံကြည်ရလောက်မှုတွေဆီ ဓောက်ချနှစ်ထားပါ။**

သီးခြားသိစိတ်ရှိရှိဆုံးဖြတ်ချက်တစ်ခုနဲ့ ရိုးဖြောင့်မှုကို စတင်ရတယ်။သင်ရိုးဖြောင့်မှုပြဿနာအနယ်မထိုင်မီ အကျပ်အတည်းဆိုက်တဲ့အချိန်ရောက်လာတာ သင်စောင့်နေရင် သင်ကျဆုံးဖို့ပဲရှိမယ်။ တိကျတဲ့ကိုယ်ကျင့်စကားဝှက်တွေကို ဘာအကြောင်းနဲ့ဖြစ်ဖြစ် ဆုပ်ကိုင်ရွေးချယ်နေသွားပါ။

■ **သင့်မှာဈေးနှုန်းမရှိသေးချိန်မှာ ရှေ့ကစောစောဆုံးဖြတ်ထား။**

သမ္မတ"ဂျော့ဝါရှင်တန်"ရဲ့ခံယူချက်က ခုလိုပါ။"လူအနည်းငယ်လောက်ပဲ အမြင့်ဆုံးဈေးနှုန်းကမ်းလှမ်းသူကို တောင့်ခံနိုင်တဲ့တန်ဖိုးရှိကြတယ်။" လူတချို့ကတော့ သွေးဆောင်ခံရမယ့်အခိုက်အတန့်မရောက်မီမှာ ငွေကြေးပြဿနာ အနယ်ထိုင်တည်ငြိမ်ခြင်းမရှိတဲ့အတွက် အဝယ်ခံလိုက်ကြရတယ်။ ရိုးဖြောင့်မှု ကျိုးပျက်မှာကို စောင့်ကြပ်သွားဖို့ အကောင်းဆုံးလမ်းက သင့်ရဲ့ရိုးဖြောင့်မှု ရောင်းစားမခံရမီ ယနေ့မှာပဲ ဆုံးဖြတ်ချက်တွေချဖို့ဖြစ်တယ်။ အာဏာအတွက် လက်စားချေဖို့အတွက် ဂုဏ်ပကာသနငွေကြေးတို့အတွက် ရောင်းစားမခံရခင်ပေါ့။

mgyoe.com

mgyoe.com


■ **အသေးအဖွဲ့အရာကိစ္စတွေမှာအမိကထား။**

သင့်တန်ဖိုးမျဉ်းကြောင်းကိုဖြတ်ရာမှာ တစ်လက်မဖြစ်စေ တစ်မိုင်ဖြစ်စေအကြောင်းမထူးပါ။ ရိုးဖြောင့်မှုအလေ့အကျင့်က နိစ္စဓူဝ တစ်ရက်ပြီးတစ်ရက် တစ်ပတ်ပြီးတစ်ပတ် တစ်နှစ်ပြီးတစ်နှစ် လုပ်မြဲ လုပ်နေရမှာပါ။ အသေးအဖွဲ့လေးတွေမှာ မှန်အောင်လုပ်သွားပါမှ သင် ဟာ ကိုယ်ကျင့်ကောင်းရေး မြဲမယ်။

■ **သင်လုပ်ချင်တာမရောက်မီ သင်လုပ်သင့်တာတွေ နေ့စဉ် လုပ်ထား။**

ဆွစ်တွေးခေါ်ရှင် စာရေးဆရာ "ဟင်နရီဖရက်ဒရစ်အေမီရယ်" ကပြောတယ်။ "အစ္စတ္တဘာဝမရှိတဲ့ လူတစ်ယောက်ဟာ သူ့ဘောပတ်ဝန်း ကျင်ရဲ့ကျေးကျွန်ပဲတဲ့။ 'ကျေးကျွန်' ဆိုတဲ့ ရိုးဖြောင့်ခြင်းကင်းမဲ့သူ တွေကိုဖေါ်ကျူးဖို့ အသင့်တော်ဆုံးဝေါဟာရပါပဲ။ ရိုးဖြောင့်ပါမှ လွတ်မြောက်နိုင်မယ်။ စရိုက်ဆိုးပြဿနာကြောင့်ဖြစ်စေ ကြွေးမြီနှောင်ဖွဲ့ မှု၊ သွေးဆောင်ဖြားယောင်းခံရမှုကြောင့်ဖြစ်စေ တခြားဖိအားတွေ ကြောင့် စာရိတ္တပျက်မှု ကျေးကျွန်ဘဝမှ လွတ်မြောက်နိုင်မယ်။ ဒီလို လွတ်မြောက်မှ အပြစ်ကင်းတဲ့ဩဇာ လွှမ်းနိုင်မယ်။ သင့်ရဲ့ရိုးဖြောင့်ခြင်း က အောင်မြင်မှုတွေအတွက် တံခါးဖွင့်ထားမှာ ဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[၂]

## ဩဇာလွှမ်းသည့်လူမှာ . . . လူများအပေါ် ပြုစုယုယစောင့်ရှောက်ပေးတတ်သည်

"ဂျင်း"နဲ့"နမ်စီ"တို့က သူတို့ရဲ့သားကြီး မသန်မစွမ်း "အဲရစ်" အတွက် တစ်ခုခုလုပ်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်။"အဲရစ်"အတွက် အဖော်ရ ရာရကြောင်း ခွေးကလေးတစ်ကောင်ထားပေးဖို့ပါပဲ။ ဒါနဲ့"တိရစ္ဆာန် အလိမ္မာ လွတ်လပ်စွာအပေါင်းအသင်းဖွဲ့ရေး(C.C.I)အဖွဲ့"ရှိရာ ကယ်လီဖိုးနီးယားပင်လယ်ကမ်းခြေစခန်းဆီ ခရီးထွက်ပြီး ခွေးအလိမ္မာ အရှာထွက်တယ်။

ဒီအဖွဲ့က အနှစ်သုံးဆယ်အတွေ့အကြုံရှိပြီမို့ ခွေးလိမ္မာမွေးမြူ လေ့ကျင့် သင်တန်းပေးရာမှာကျွမ်းတယ်။ ခွေးတွေကို အခြေခံအမိန့် နာခံတတ်မှုနဲ့ လူမှုဝေယျာဝစ္စကျွမ်းကျင်မှုပါ သင်ပေးထားတယ်။ ခွေး အမျိုးအစားတွေကလည်းစုံပါ့။"အဲရစ်"ကိုပြပြီး ဘီးတပ်ကုလားထိုင် စီးနေရသူ ဒုက္ခိတအတွက် အဖော်အဖြစ် ခွေးတစ်ကောင်လိုတယ်လို့

mgyoe.com

mgyoe.com


ပြောတော့ သူတို့"အဲရစ်"အတွက် အသင့်တော်ဆုံးဖြစ်မယ့် ခွေးတစ်ကောင်ရွေးပြီးရင် အကြောင်းပြန်ဆက်သွယ်ပါမယ်ပြောတဲ့အတွက် မိသားစုလိုက် အိမ်ရှိရာ "ဆန်ဒီးယေးဂိုး"ဆီ ပြန်လာကြတယ်။

နောက်မကြာပါဘူး။ C.C.I က ခွေးလိမ္မာတစ်ကောင်ပို့လိုက်ပါတယ်။ နာမည်က"ဆေဘယ်"တဲ့။"အဲရစ်"ဟာ'ဆေဘယ်'လေးကို တွေ့တာနဲ့ ချစ်သွားတယ်။ ခွေးမလေးက ရွှေအိုရောင် အားကောင်းကောင်း "ရီထရီဗာ"အမျိုးထဲကဖြစ်တယ်။ တစ်နှစ်ခွဲသမီးလောက်ရှိတယ်။ နှစ်ယောက်သားအချိန်ရှိသရွေ့ ဆော့ကစားနေကြတယ်။"ဆေဘယ်" လေး "အဲရစ်"အတွက် မီးခလုတ်ဖွင့်ပေး ပိတ်ပေးတယ်။ စတိုးဆိုင်လိုက်ပြီး ဈေးဝယ်ပေး ပိုက်ဆံအိတ်နဲ့ ငွေရှင်းပေးတယ်။

"အဲရစ်"ရဲ့အပေါင်းအသင်း ခွေးမွေးသူတစ်ယောက်က သူ့ကို ပြောလာတယ်။ "အဲရစ်ရေ၊ မင်းဘာပဲ'ဆေဘယ်'ကိုခိုင်းခိုင်း သေချာတာတစ်ခုတော့ရှိတယ်ကွ။ ခွေးကိုအမြဲတမ်းအစာကျွေးနေကျ လူက မင်းပဲဖြစ်ပါစေ။ ဒါသိပ်အရေးကြီးတယ်နော်။ ဒါမှ အစာကျွေးနေကျဖြစ်တဲ့ မင်းအပေါ် ခွေးကသံယောဇဉ်တွယ်ပြီး သခင်ရယ်လို့ သိတတ်ဖို့ သေချာစေမယ်။"

"အဲရစ်"အတွက်က ခွေးကိုချစ်တတ် ခင်တတ်ဖို့လွယ်ပါတယ်။ အမွေးသပ်ပေး၊ ဘီးသင်ပေးတယ်။ ခွေးတစ်ကောင်နဲ့ဆက်ဆံရေး ဖန်တီးဖို့ အစာကျွေးခြင်းက အကောင်းဆုံးလမ်းပဲ။

အမြဲတမ်း အစာကျွေးမှု၊ ဂရုစိုက်ခြင်းက အတုန့်အပြန်အဖြစ် သစ္စာရှိမှု၊ နာခံတတ်မှုနဲ့ ချစ်ခင်မြတ်နိုးမှုတို့ ပြန်ရတတ်ပါတယ်။

## ပြုစုယုယစောင့်ရှောက်ပေးခြင်းရဲ့သဘာဝ

လူသားတွေဟာလည်း တိရစ္ဆာန်တွေနည်းတူ တုန့်ပြန်တတ်ပါတယ်။ တိရစ္ဆာန်တွေလိုပဲ လူသားတွေဟာလည်း ရုပ်ဝတ္ထုအရ

mgyoe.com

mgyoe.com


စိတ်ခံစားချက်အရ ဂရုစိုက်မှုကို လိုအပ်တာပါပဲ။ သင့်အားပတ်ဝန်းကျင်ကိုကြည့်လိုက်ရင် အားပေးနှစ်သိမ့်မှု အသိအမှတ်ပြုမှု၊ လုံခြုံမှု၊ မျှော်လင့်ခြင်းတွေနဲ့ ကျွေးမွေးတာခံချင်တဲ့သူတွေ အများကြီးတွေ့လိမ့်မယ်။ ဒီလုပ်ငန်းစဉ်ကိုပဲ ပြုစုယုယစောင့်ရှောက်ပေးခြင်းလို့ခေါ်တယ်။ လူသားအားလုံးအတွက် ဒါလိုအပ်တယ်။

တခြားလူတွေရဲ့ဘဝထဲ သင်သြဇာလွှမ်းသူဖြစ်လာချင်ရင်တော့ သူတို့ကို သင် ကျွေးမွေးပြုစုယုယစောင့်ရှောက်ပေးရလိမ့်မယ်။ လူတွေအယူမှားနေတာက သြဇာညောင်းသူဖြစ်လာဖို့ရာ အာဏာပိုင်စိုးတဲ့သဘောပြမှ ဖြစ်မယ်။ သူတစ်ပါးရဲ့ အမှားပြင်ပေးတာ၊ အားနည်းတဲ့နယ်ပယ်တွေ ဖွင့်ထုတ်ပေးတာတွေလုပ်ရမယ် ထင်ကြတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ ဘာဖြစ်နေမှန်း လွယ်လွယ်မသိနိုင်ကြဘူး။

နှစ်ပေါင်းလေးရာကျော်လောက်က ဘုန်းတော်ကြီး "ဂျွန်နော့စ်" ပြောခဲ့တဲ့စကားတစ်ခွန်းက ခုထိမှန်ကန်နေဆဲပဲ။ "သင်ဟာ တစ်ချိန်တည်းမှာ ဆန့်ကျင်ဘက်လည်းကျ၊ သြဇာလွှမ်းချင်သူလည်း ဖြစ်လို့မရဘူး"

ပြုစုယုယစောင့်ရှောက်ခြင်းဆိုတဲ့ စကားလုံးသုံးတဲ့အခါ ကိုယ့်သားသမီးလေးကို ပုခက်လွှဲသိပ်နေတဲ့ မိခင်တစ်ယောက်ကို မြင်ယောင်မိမယ်။ မိခင်ဟာ ကိုယ့်ကလေးကို ကျွေးမွေးမယ်၊ အားပေးနှစ်သိမ့်မယ်၊ လိုအပ်ချက်တွေမှန်သမျှလုပ်ပေးလိမ့်မယ်။ ချစ်မယ်၊ ယုယမယ်။ အလားတူပဲ သင့်ပတ်ဝန်းကျင်က လူတွေကို သင်သြဇာလွှမ်းပြီး ကူညီဖို့ကြိုးစားမယ်ဆိုရင် သူတို့အတွက် စိုးရိမ်စိတ်နဲ့ အကောင်းမြင်ခံစားချက်တွေရှိရလိမ့်မယ်။ သူတို့ကို သင် ချစ်မေတ္တာနဲ့ လေးစားမှုထားရမယ်။ လူဆက်ဆံရေးကျွမ်းကျင်သူ "လက်စ်ဂစ်ဘလင်" ပြောသလိုပေါ့။ "သင် အခြားလူတစ်ဦးကို ဘာမှမဟုတ်ဘူးလို့ လျှို့ဝှက်ခံစားမိခဲ့ရင်

mgyoe.com

mgyoe.com


သင့်ရှေ့မှောက် အဲဒီလူကို အရေးပါသလိုလုပ်မိမယ်မဟုတ်”တဲ့။

လူများစွာ မိမိတို့မိသားစုအိမ်အတွင်း လုပ်ငန်းခွင်အတွင်း ဒီပြုစုယုယမှုရနေကြမှာမို့ အထူးအထွေဂရုတစိုက် ပြောစရာမလိုဘူး ထင်ကြမယ်။ တကယ်က်မကောင်းတဲ့ အမှန်တရားက အများစုသော လူတွေက အားပေးနှစ်သိမ့်ပေးခြင်းကို အငမ်းမရလိုချင်ကြတာချည်းပဲ ဖြစ်နေတာပဲ။ ဘာကြောင့်ဆို လူတွေက သူတို့ကို အကောင်းဆုံးခံစားချက်ထားကြတဲ့သူတွေရဲ့ ဩဇာလွှမ်းတာကိုပဲ ခံချင်ကြတာကြောင့် ဖြစ်ပါတယ်။ အခြားသူတွေ ဘဝထဲ အဓိကပြုစုယုယသူ သင် ဖြစ်ချင်ရင်တော့ သူတို့အပေါ် အဓိကသွတ်သွင်းချက်တစ်ရပ်လုပ်ဖို့ သင့်မှာ အခွင့်အလမ်းတစ်ခုရှိရလိမ့်မယ်။

ကလေးမ“အင်မီလီ”လေးလိုတော့ မဖြစ်စေနဲ့ပေါ့။ သူမနဲ့ အဖေ “ရိုင်းဘယ်လာရန်တီ”တို့ ကားနဲ့ဘုရားကျောင်းက အိမ်ပြန်လာကြတဲ့ အခါ ၅ နှစ်သမီးလေးက မအေကိုပြောသတဲ့။ “သမီးကြီးလာရင် အားလုံးရှေ့မှာ မားမားရပ်တဲ့လူဖြစ်ချင်တယ်”တဲ့။ အဖေက“ဘုန်းကြီးလုပ်မလို့လား”မေးတော့“မဟုတ်ပါဘူး။ လူတွေကို ဘာလုပ်ရမလဲ၊ ဘာကိုင်ရမလဲ၊ ပြောချင်လို့ပါ”လို့ ပြန်ပြောသတဲ့။

သူလိုချင်တဲ့ပန်းတိုင်က အခြားသူတွေရဲ့လွတ်လပ်မှုနဲ့ ကြီးပွားမှုတို့ဖြစ်နေတယ်။ တကယ်လို့ သင်တခြားလူကို ပြုစုယုယပေးပြီး သင့်အပေါ်မှီခိုနေရသူဖြစ်လာအောင် ခွင့်ပြုထားမယ်ဆိုရင် သင်သူတို့ကို ကူညီရာမရောက်ဘဲ ထိခိုက်နစ်နာစေမှာသာဖြစ်တယ်။ သင်နဲ့သူတို့ရဲ့ ဆက်ဆံရေးဟာ မှီခိုအားပြုရေးဖြစ်လာနေပြီ။ မှီခိုအားထားနေရသူ လူတွေက ဘယ်တော့မှ လူတစ်ဖက်သား ဘဝတွေထဲ အကောင်းမြင် ဩဇာလွှမ်းသူတွေဖြစ်လာမှာ မဟုတ်တော့ပါ။

mgyoe.com

mgyoe.com


## ပြုံးရယ်သည့် ဩဇာညောင်းသူက "ပေးအပ်သူ"သာဖြစ်တယ်

ခုဆို သင့်မိသားစုထဲ သင့်သူငယ်ချင်းမိတ်ဆွေအသိုင်းအဝိုင်းထဲ လုပ်ဖော်ကိုင်ဖက်လုပ်ငန်းခွင်ထဲ စတဲ့ သင့်ဘဝရဲ့သက်ဆိုင်ပတ်သက် သမျှလူတွေနဲ့ပတ်သက်ပြီး ဘာလုပ်ရမယ်ဆိုတာ လေ့လာဖို့အဆင် သင့်ဖြစ်ကောင်းဖြစ်နေနိုင်တယ်။ ဒါတွေလုပ်တဲ့အခါ "ရယူခြင်း" ထက် "ပေးအပ်ခြင်း"ကိုသာ အာရုံစိုက်ထားပါ။ ဒီနယ်ပယ်တွေမှာ အခြားသူ တွေကို ပေးအပ်ခြင်းဖြင့်သာ သင် စတင်ပါလေ။

### ၁။ ချစ်မေတ္တာ

အခြားသူတွေဘဝထဲ သင်ဘာမှမလုပ်မီ သူတို့ကို သင် ပထမဆုံး ချစ်မေတ္တာထားကြောင်း ပြသရမယ်။ ဒါမရှိရင် ဆက်သွယ်ချက်လည်း မရှိ၊ အနာဂတ်လည်းမရှိ၊ ဘာအောင်မြင်မှုမှရှိတော့မှာမဟုတ်ဘူး။ သင့်ဘဝထဲ သွတ်သွင်းချက်တွေ ပေးထားတဲ့သော့ချက်ကျကျ လူတွေ ကိုပဲ အရင်စဉ်းစားကြည့်ပါ။ သင့်ဦးလေး၊ သင့်အဒေါ်၊ သင့်ဆရာပဲ ဖြစ်ဖြစ်ပေါ့။ သူတို့နဲ့သင်အတူရှိနေချိန်အတွင်းမှာ သူတို့ရဲ့သင့်အပေါ် ဂရုစိုက်မှုကို သင်အာရုံခံမိလိမ့်မယ်။ သင်ကအကောင်းမြင် တုန့်ပြန်မိ မယ်။

ကျောင်းသားတွေရဲ့ဘဝထဲ ချစ်မေတ္တာစိတ်က ဘယ်လိုခြားနား အောင် လုပ်သွားသလဲဆိုတဲ့ ဥပမာကို အောက်ပါ ဆရာတစ်ယောက်ရဲ့ ရေးသားချက်ထဲမှာ တွေ့ရတယ်။

> "လူငယ်တွေက ဘာသာရပ်ပို့ချပေးတာတွေထက် ပိုလို အပ်ကြောင်းနားလည်လာတဲ့အခါ ကျွန်တော် စိတ် သက်သာရာရမိတယ်။ ကျွန်တော် အခု ကလေးတွေကို

mgyoe.com

mgyoe.com


သင်ပေးတယ်။ သချာ်တော့မဟုတ်ဘူး။ ကျွန်တော့်ကို တကယ်နားလည်အောင် လုပ်သွားတဲ့ကလေးကတော့ "အက်ဒီ"ပဲဖြစ်တယ်။ တစ်နေ့ ကျွန်တော်သူ့ကိုမေးကြည့်တယ်။ မနှစ်ကထက် သူ ဒီနှစ်ပိုတော်လာတာ ဘာ့ကြောင့်လဲလို့ပေါ့။ သူက "ဒါက ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဆရာနဲ့အတူရှိနေတဲ့ ခုလိုအချိန်မှာမှ ကျွန်တော့်ကိုယ်ကျွန်တော် ပိုကြိုက်လာလို့ပဲဖြစ်ပါတယ်။"လို့ဆိုတယ်လေ"

"အက်ဒီ"တစ်ယောက် ချစ်မေတ္တာအပေါ် တုံ့ပြန်ပုံလမ်းကြောင်းက အဲဒီလိုပါ။

အခြားသူတွေအပေါ် ကျွန်တော်တို့ဩဇာရဲ့အကျယ်အဝန်းအနက်အရှိုင်းဟာ သူတို့အပေါ် ကျွန်တော်တို့ထားတဲ့ စိုးရိမ်မှုရဲ့နက်ရှိုင်းမှုနဲ့ တိုက်ရိုက်ဆက်သွယ်နေတယ်။ သူတို့နဲ့ပတ်သက်လို့ကောင်းကောင်းကူညီချင်စိတ် ဖြစ်လာတဲ့အခါ ချစ်မေတ္တာကလွဲလို့အစားထိုးစရာ ဘာမှမရှိဘူး။

"Green Bay Packers" အားကစားအသင်းနည်းပြဆရာကြီး "ဗင့်လွန်ဘာဒီ"က သူ့အသင်းသားတွေကို ကစားနည်း စည်းမျဉ်းတွေအပြင် အခြေခံတွေပါ ဘက်စုံမျိုးစုံသင်ကြားပေးပါလျက် ပြိုင်ပွဲတွေမနိုင်ဘူးဖြစ်နေလို့ တတိယအင်္ဂါရပ်ကို စဉ်းစားမိကြောင်းပြောတယ်။ "အသင်းတစ်သင်းအဖြစ် စုစုစည်းစည်းကစားသွားချင်ရင် အချင်းချင်းတစ်ဦးနဲ့တစ်ဦး ဂရုစိုက်ကြရမယ်။ အချင်းချင်း ချစ်ခင်ကြင်နာကြရမယ်။"

ဒီလို သူတို့ကိုပြုစုယုယသွားခြင်းဖြင့် လူတွေကို အကောင်းမြင်သွတ်သွင်းမှုလုပ်နိုင်လိမ့်မယ်။ သင်ဘယ်အသက်မွေးဝမ်းကြောင်းပဲ

mgyoe.com

mgyoe.com


လုပ်နေပါစေ အရေးမကြီးပါ။ လူတိုင်းကတော့ တန်ဖိုးထားခံရမှု လိုအပ်တာပါပဲ။

၂။ လေးစားရိုသေမှု

မြို့လေးတစ်မြို့ကိုပြောင်းလာတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဇာတ်လမ်းက ဒီလိုပါ။ အဲဒီမြို့ငယ်လေးရဲ့ ဆေးဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်ရတဲ့ အဲဒီမိန်းမက ဆိုင်ကရောင်းမကောင်းတဲ့အကြောင်း အိမ်နီးချင်းတစ်ယောက်ဆီ ညည်းတွားမိတယ်။ နောက်တစ်နေ့ သူမ ဆိုင်ရောက်တော့ ဆေးဆိုင်ပိုင်ရှင်ကိုယ်တိုင် ဝယ်သူအသစ်တစ်ယောက်ကို လှိုက်လှိုက်လှဲလှဲ အပြုံးနဲ့ဆီးကြိုနှုတ်ဆက်ပြီး ပျူပျူငှာငှာ ရွှန်းရွှန်းဝေအောင် လောကွတ်အပြည့်နဲ့ လိုအပ်သမျှဖြည့်ဆည်းပေးနေတာ တွေ့ရတယ်။

ဆိုင်အလုပ်သမ အမျိုးသမီးက အိမ်နီးချင်းကို "ကျွန်မ မနေ့က ရှင့်ကိုပြောလိုက်တာ ရှင်ဆိုင်ရှင်ကိုဝေဖန်လိုက်ပြီထင်ပါရဲ့။ ဒီနေ့ ဆိုင်ရှင် အချိုးပြောင်းသွားလို့ ရောင်းကောင်းသွားလေရဲ့"လို့ ပြောလိုက်တယ်။

အိမ်နီးချင်းက "အို...ရှင်ထင်သလိုမဟုတ်ပါဘူး။ ဒီလို မြို့ငယ်လေးမှာ ဆေးဆိုင်တစ်ဆိုင်ကို အောင်မြင်အောင်ထောင်နိုင်တာကိုပဲ ရှင်က ချီးကျူးနေတယ်လို့ ကျွန်မက ပြောလိုက်တာပါ"လို့ ဆိုတယ်။

လူတွေဟာ လေးစားခံရရင် ဘယ်လိုတုန့်ပြန်တတ်ကြတယ်ဆိုတာကို အိမ်နီးချင်းမိန်းမက ကောင်းကောင်းသိနေတယ်။ လူတွေဟာ သူတို့ကို လေးစားရိုသေမှန်းသိရင် တစ်ခုခုကောင်းတာလုပ်ဖို့ကိုပဲ စိတ်ညွှတ်နေကြတယ်။ သူတို့ခံစားချက်က အရေးပါနေမယ်။ သူတို့ အကြိုက်တွေက လေးစားခံနေရမယ်။ သူတို့အယူအဆတွေလည်း တန်

mgyoe.com

mgyoe.com


ဖိုးထားခံရမယ်ဆိုရင် ဒါသံသယတွေရဲ့အကျိုးအာနိသင် သူတို့ထံကိုပဲ အပ်နှင်းလိုက်တာဖြစ်နေပါတယ်။

ချစ်မေတ္တာက အခြားသူကိုပေးဖို့ အာရုံစိုက်နေတဲ့အခါ လေးစားရှိသေမှုက သူတို့ဆီကလက်ခံရဖို့ စိတ်ဆန္ဒပြင်းနေတယ်။ လေးစားခြင်းက တခြားလူတစ်ဦးရဲ့အရည်အချင်း ပေါင်းရုံးလုပ်နိုင်မှုစွမ်းရည်ကို အသိအမှတ်ပြုတယ်။

"ဝေါစထရီ"ဂျာနယ်မှာ လုပ်ငန်းအမှုဆောင်တွေ သောင်းခြောက်ထောင်လောက်ကို ကွင်းဆင်းလေ့လာသုတေသနပြုချက်အရ ထိပ်တန်းကျကျ ကြိုးပမ်းအားထုတ်နိုင်သူ အုပ်စုတစ်စုရဲ့ထူးခြားချက်ကို တွေ့ရတယ်။ ဒီအုပ်စုအတွင်းမှာ သူတို့လက်အောက်ငယ်သားတွေအပေါ် အကောင်းမြင် သဘောထားရှိတာ၊ လက်အောက်ဝန်ထမ်းတွေရဲ့အကြံဉာဏ်တွေ၊ စိုးရိမ်ချက်တွေကို တလေးတစား နားထောင်တာတွေရှိနေတယ်။ သင်ကျင်လည်ရာ နယ်ပယ်မှာ လေးစားမှုပြတာနဲ့ မပြတာလူ နှစ်မျိုးပဲရှိတယ်။ သင့်ကို လေးစားတဲ့ သူ့ရဲ့ဩဇာကသာ သင့်ကို လွယ်လွယ်ကူကူ လွှမ်းတတ်စမြဲပါ။

## ၃။ လုံခြုံမှုအာရုံခံချက်

ပြုစုယုယခြင်းရဲ့နောက်ထပ်အရေးကြီးတဲ့ အစိတ်အပိုင်းက လူတွေကို လုံခြုံမှု အာရုံပေးခြင်းဖြစ်တယ်။ သင်နဲ့သူတို့ဘဝလုံခြုံပါ့မလားလို့ စိုးရိမ်ပူပန်နေရရင် သင့်ကိုလည်းသူတို့ ယုံကြည်ချက်မရှိ အလုပ်လုပ်ရာမှာလည်း စိတ်မဖြောင့်နိုင်။ အထစ်ထစ်အငေါ့ငေါ့ဖြစ်လာမယ်။ လုံခြုံတယ်လို့ စိတ်ချရမှ သူတို့ရဲ့အကောင်းဆုံးကို လုပ်ဖို့ အကောင်းမြင်တတ်တဲ့ အနေအထားကိုရမယ်။

လူတွေကို လုံခြုံတယ်လို့ခံစားရအောင်လုပ်ဖို့က ရိုးဖြောင့်တည်

mgyoe.com

mgyoe.com


ကြည်ခြင်းကလာတယ်။ သင့်ရဲ့အပြုအမူ စကားလုံးတွေက မြင့်မားတဲ့ စာရိတ္တစံတွေနဲ့ကိုက်ညီနေပြီး လေးစားမှုပါဝင်နေမယ်ဆိုရင် လူတွေဟာ လုံခြုံမှုခံစားရမှာ ဖြစ်ပါတယ်။

ယခင်"နေ့ဘာဒိန်း"ဘောလုံးသင်းရဲ့နည်းပြခေါင်းဆောင် "လူးဟို့ဇ်"က မိန့်ခွန်းတစ်ခုမှာ ခုလိုပြောခဲ့တယ်။

"မှန်တာကိုလုပ်ပါ။ သင်အကောင်းဆုံးကို တတ်နိုင်သမျှလုပ်ပါ။ တခြားလူတွေကို သင့်ကိုဆက်ဆံတဲ့အတိုင်း ဆက်ဆံပြပါ။ သူတို့က အောက်ပါမေးခွန်းသုံးခုမေးကြမှာမို့လို့ပဲ။ (၁) ခင်ဗျားကို ကျုပ်ယုံရပါ့မလား၊ (၂) ခင်ဗျားဇောက်ချလုပ်မှာလား။ (၃) ခင်ဗျား ကျုပ်လိုလူတစ်ယောက်ကို ဂရုစိုက်မှာလား။"

လူတွေလုံခြုံမှုစိတ်ဆန္ဒကို သင့်ထံကသာမက သင့်ပတ်ဝန်းကျင်ကပါ လိုချင်နေတယ်။ ခေါင်းဆောင်ကောင်းက ဒါကိုအသိအမှတ်ပြုပြီး လူတွေတောက်ပပြောင်လက်စေမယ့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးတယ်။

## ၄။ အသိအမှတ်ပြုခြင်း

အမေရိကန်မှာရှိတဲ့ အလုပ်သမားတွေကို "J. C. Stachle"က ခွဲခြမ်းစိတ်ဖြာမှုလုပ်ခဲ့တယ်။ အလုပ်ခွင်က အလုပ်သမားတွေ မကျေမနပ်ဖြစ်ကြရတဲ့အကြောင်းရင်းတစ်ချက်က အထက်အရာရှိတွေက သူတို့ကောင်းတာ တော်တာတွေ အသိအမှတ်မပြုကြတာပဲဖြစ်တယ်တဲ့။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ "ရောဘတ်မက်အနားမားရား"က ပြောတယ်။

"ဦးနှောက်ကနှလုံးသားကို အတူတူပဲ။ သူတို့ကို အသိအမှတ်ပြုတဲ့သူတွေဆီကိုပဲ သူတို့သွားကြတယ်"တဲ့။

mgyoe.com

mgyoe.com


အသိအမှတ်ပြုခံရခြင်းကို လူတိုင်းလိုချင်ကြတယ်။ လုပ်ငန်းခွင် စက်ရုံထဲကလူတွေသာမက ပြင်ပကလူတွေပါပါနေတယ်။ လူတစ်ယောက်ရဲ့ဘဝထဲမှာ အသိအမှတ်ပြုမှု အနည်းအကျဉ်းကတောင် အံ့မခန်းတဲ့ခရီးရှည်တောင် သယ်ဆောင်သွားနိုင်တယ်။

ကလေးဘဝကတည်းက သူတို့လက်ခံရရှိထားတဲ့ အသိအမှတ်ပြု ချီးကျူးထားတဲ့စာရွက်စာတမ်းအတိုအစလေးကိုပဲ လူကြီးဖြစ်လာတဲ့အထိ ထိန်းသိမ်းထားတတ်တာ အများကြီးရှိတယ်။ သည်စာရွက်စကလေးကို သူတို့သွားလေရာနေရာအနှံ့စပါးခင်း၊ လယ်တော၊ တောင်တန်း စစ်မြေပြင်ထိအောင် ကိုယ်နဲ့မကွာ သယ်သွားတတ်ပါတယ်။ လူတိုင်း လူတိုင်း အသိအမှတ်ပြုခံရမှုကို ထူးထူးခြားခြား ဆာလောင်နေကြတယ်။ သင့်ဘဝထဲ အခွင့်အလမ်းပေါ်တိုင်း တခြားလူတွေကို အသိအမှတ်ပြုပေးပါ။ ဒါက သူတို့ကို မောင်းတင်ပေးတတ်တယ်။ သူတို့ရဲ့ဘဝတွေထဲမှာ သင့်ကို ကြီးကျယ်ခမ်းနားတဲ့သူ ဖြစ်စေပါလိမ့်မယ်။

## ၅။ အားပေးနှစ်သိမ့်မှု

ခြေထောက်ပလာကျင်းနေတဲ့လူတစ်ယောက်ဟာ ရေခဲရေထည့်ထားတဲ့ဇလုံထဲ ဘယ်လောက်ကြာကြာတောင့်ခံနိုင်သလဲလို့ စိတ်ပညာရှင်သုတေသီတွေ စမ်းသပ်တိုင်းတာကြည့်ကြတယ်။ တခြားလူတွေထက် ပိုကြာကြာတောင့်ခံနိုင်တဲ့သူမှာ အကြောင်းရင်းတစ်ချက်ရှိတာတွေ့ကြရတယ်။ ဒီအချက်ကတော့ အားပေးထောက်ပံ့မှု အားပေးအားမြှောက် နှစ်သိမ့်ပေးမှုရရှိလို့ပဲဖြစ်ပါတယ်။

"ဂျော့အမ် အဒမ်စ်" ပြောသလို လူတစ်ယောက်ရတဲ့အားပေးနှစ်သိမ့်မှုက "စိတ်ဝိညာဉ်အတွက် အောက်စီဂျင်ပဲ" ဖြစ်ပါတယ်။

အားပေးနှစ်သိမ့်ပေးမှုက ပြည့်စုံမှုမလုံလောက်တဲ့အပြင်

mgyoe.com

mgyoe.com


မကောင်းမြင် သဘောထားတစ်ခုပါ ရောယှက်နေပါက ဆန့်ကျင်ဘက် အကျိုးအာနိသင်ပဲ ပေးတတ်ပုံကို ဒေါက်တာ"မက်စဝဲလ်မော့စ်ဇ်"က ပြောပြပါတယ်။ သူပြောတဲ့ မုဆိုးမ မိန်းမနဲ့ သူမရဲ့တစ်ဦးတည်းသော သားအကြောင်းက ဒီလိုပါ။ ဒီမိန်းမမှာ ခင်ပွန်းသည် ယောက်ျားဆုံး သွားတော့ သားကလူမမယ်ကလေးပဲ ရှိသေးတယ်။ ယောက်ျားဆုံးသွား ပြီးတဲ့နောက်ပိုင်း၊ ခင်ပွန်းသည်ရဲ့ကျန်ရစ်တဲ့လုပ်ငန်းကို သူမဆက် လက်ကြီးပွားအောင်လုပ်တယ်။ သားလေးအရွယ်ရောက်လာရင် ဒီလုပ်ငန်းကို အမွေအဖြစ်ဆက်ခံတာဝန်ယူ အပိုင်ပေးမယ်လို့ ရည်စူး ခဲ့တာပေ့ါ။ တကယ်တမ်း သားလေးကြီးလာတော့ သူမရည်မှန်းတာ တွေတလွဲဖြစ်ကုန်တယ်။ သားက အဖေ့စိတ်ကူးလုပ်ငန်းကို ဆက်ခံ လုပ်ဖို့ဝေလာဝေး။ သူမရဲ့အိမ်ရှိရာမက်ဝက်စ်အရပ်ကို စွန့်ခွာပြီး နယူး ယော့ခ်ကို ပြောင်းသွားပါတော့တယ်။ နယူးယော့ခ်ကို လိုက်သွားတဲ့ မအေက ဒေါက်တာမော့စ်ဇ်ဆီဝင်ပြီး တိုင်ပင် အကူတောင်းတာနဲ့ပဲ "မော့စ်ဇ်"က သူမသားကိုခေါ်တွေ့ဆွေးနွေးရတယ်။ သားဖြစ်သူရဲ့ ရှင်းပြချက်အရ သူ့အမေကိုတော့ သူစိတ်ချမ်းသာစေချင်တဲ့အကြောင်း၊ ဒါပေမဲ့ သူ့အမေရဲ့စိတ်ကူး ရည်မှန်းချက်ကို သူမဖြည့်ဆည်းပေးနိုင်တဲ့ အကြောင်းရင်းက သူငယ်စဉ်ကလေးဘဝက သားအဖအချင်းချင်း နှစ်ယောက်တည်း ကြားကဆက်ဆံရေးမှာ သားဖြစ်သူ သူ့အတွက် စိတ်ခုစရာ ကြုံခဲ့လို့ဖြစ်တယ်တဲ့။ ငယ်စဉ် သားနဲ့အဖေ ဘောလုံးပစ် တမ်းဖမ်းတမ်းကစားစဉ် သူ့အဖေက ဘောလုံးပစ်နေကျဖြစ်ပြီး သူက အဖေပစ်ပေးတဲ့ ဘောလုံး အမြဲဖမ်းရတတ်တယ်။ ဘောလုံး ၁၀ လုံးပစ် ပေးနေကျမှာ ၁၀ ဘောလုံးကျရင် အဖေက သူဖမ်းဖို့ လက်လှမ်းမမီနိုင် တဲ့အဝေးကွင်းပြင်ဘက်နေရာက လွဲလွဲပြီးပစ်တတ်တယ်။ တစ်ခါ မဟုတ်နှစ်ခါမဟုတ်။ ကစားတိုင်း ၁၀ ကြိမ်မြောက်ဘောလုံးကို ဒီလိုပဲ

mgyoe.com

mgyoe.com


မဖမ်းနိုင် အဝေးတစ်နေရာဆီ လွှဲပစ်နေကျပဲတဲ့။ ဒီတော့ အဖေစခဲ့တဲ့ အလုပ်နဲ့အိမ်ကိုပါ ယုံကြည်ချက်မရှိပစ်မယ်။ ပြီးအဝေးတစ်နေရာဆီ စွန့်ခွာဖို့ ဆုံးဖြတ်ရတာပါပဲတဲ့။ "ဘာကြောင့်ဆို အဖေမဖမ်းနိုင်အောင် ပစ်ပေးတဲ့ ၁၀ ကြိမ်မြောက်ဘောလုံးကို အမိဖမ်းကြည့်သေးလို့ပါပဲ" လို့ သူက နိဂုံးချုပ်လိုက်တယ်။

အားပေးနှစ်သိမ့်မှုကင်းမဲ့ခြင်းက လူတစ်ယောက်ကို ကျန်းမာ ဝပြောပြီး ထုတ်လုပ်မှုကျကျ ဘဝမျိုးနဲ့မနေနိုင်အောင် တားဆီးဟန့် တားနေပါတယ်။ အားပေးမှုခံရတဲ့လူတစ်ယောက်ဟာ မဖြစ်နိုင်တာကို မျက်နှာချင်းဆိုင်ရဲပြီး အံ့မခန်းထူးခြားတဲ့ ဆန့်ကျင်မှုတွေကိုလည်း ကျော်လွှားနိုင်ပါတယ်။ အားပေးနှစ်သိမ့်မှုကို လက်ဆောင်အဖြစ် တစ်ပါးသူထံပေးအပ်တဲ့သူဟာ သူပေးအပ်သူရဲ့ဘဝထဲမှာ ဩဇာလွှမ်း သူ။ ဩဇာညောင်းသူဖြစ်လာပါတော့တယ်။

## သူတို့ဘာတွေလက်ခံရရှိသလဲ

ပြုစုယုယသူဖြစ်လိုရင် စိတ်ကို ပွင့်ပွင့်လင်းလင်းဖွင့်ထားရမယ်။ ကိုယ့်အကြောင်းကိုယ် စဉ်းစားနေမယ့်အစား တခြားလူအကြောင်း စဉ်းစားပါ။ တခြားလူတွေကို တခြားမှာထားမယ့်အစား သူတို့နေရာ မှာသင့်ကိုယ်သင်ထားပြီး စဉ်းစားပါ။ ဒါ အမြဲတမ်းမလွယ်ဘူး။ သင့် ဟာ သင်တစ်ဦးတည်း ငြိမ်းချမ်းတဲ့ အာရုံထားပြီးမှ စိတ်ဓာတ်ပွင့်လင်း ပြီး အခြားသူတွေဘက် လှည့်နိုင်မယ်။ သင်သူတို့ကို ပြုစုယုယတဲ့အခါ သူတို့တွေ လက်ခံရလိုက်တာတွေ အများကြီးပါပဲ။

## အကောင်းမြင် ကိုယ့်ကိုယ်ကို တန်ဖိုးထားမှု

ကိုယ့်ကိုယ်ကို တန်ဖိုးထားလေးစားမှု ဘာသာရပ်နဲ့ပတ်သက်

mgyoe.com

ပြီး စိတ်ရောဂါပါရဂူ "နာသန်နီယယ်ဘရင်ဒန်" က လူတွေရဲ့ စိတ္တဗေဒ တိုးတက်မှုနဲ့ မောင်းတင်မှုမှာ ကိုယ့်ကိုယ်ကို တန်ဖိုးဖြတ်မှုထက် ပိုအဆုံး အဖြတ်ပေးနိုင်တဲ့ အခန်းကဏ္ဍရယ်လို့ မရှိဘူးလို့ဆိုတယ်။ သူပြောတာ က ကိုယ့်ကိုယ်ကို တန်ဖိုးဖြတ်မှုသဘာဝဟာ လူတစ်ယောက်ရဲ့ တန်ဖိုး တွေဖြစ်တဲ့ ယုံကြည်မှု၊ စဉ်းစားမှုဖြစ်စဉ် ခံစားချက်၊ လိုအပ်ချက်နဲ့ ပန်းတိုင်တွေ အပေါ် ထင်ရှားတဲ့အကျိုးအာနိသင် သက်ရောက်တယ်လို့ ဆိုပါတယ်။

ပုဂ္ဂိုလ်တစ်ဦးရဲ့ ဘဝရှုထောင့်တိုင်းမှာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုး ထား လေးစားမှုက ရိုက်ခတ်နေတယ်။ အလုပ်ခန့်ထားရေး၊ ပညာရေး၊ ဆက်ဆံရေးစတဲ့ ရှုထောင့်အစုံမှာဖြစ်တယ်။ ဥပမာ ကျောင်းသားများ မောင်းတင်မှု အမျိုးသားအင်စတီကျူဒ္ဒာနရဲ့ လေ့လာချက်တစ်ရပ်က ပြတာက ကိုယ့်ကိုယ်ကို ယုံကြည်မှုရိုက်ခတ်ချက်က I.Q ထက်တောင် များတယ်လို့ ဆိုပါတယ်။ "ပင်ဆယ်ဗေးနီးယား"တက္ကသိုလ် စိတ်ပညာ ပါမောက္ခ "မာတင်ဆလိဂမင်"က ကိုယ့်ကိုယ်ကို တန်ဖိုးထားလေးစားမှု မြင့်မားသူတွေဟာ ဒီလေးစားမှုနိမ့်ကျသူတွေထက် လစာပိုကောင်းတဲ့ အလုပ်မျိုးရတတ်ပြီး လုပ်ငန်းခွင်မှာ ပိုမိုအောင်မြင်တတ်ကြောင်း တွေ့ရှိခဲ့ ရတယ်။ အသက်အာမခံကုမ္ပဏီတစ်ခုရဲ့အမိကကိုယ်စားလှယ်တွေကို သုကွင်းဆင်းလေ့လာကြည့်ရာမှာလည်း ဒီလေးစားမှုထားသူတွေက မထားသူ တွေ အသက်အာမခံထားတာ ၃၇ % ကျော် ပိုသာတယ်လို့ တွေ့ရှိရတယ်။

သင်လူတွေကို သူတို့ဘဝ အရည်အသွေးပိုတိုးတက်စေချင်ရင် သူတို့ကို အကောင်းမြင် ပိုတိုးမြှင့်ပေးပြီး သူတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုလည်း တည်ဆောက်ပေးရမယ်။

## ဆက်စပ်ပတ်သက်နေကြောင်းအာရုံ

လူသားရဲ့ အခြေခံအကျဆုံး လိုအပ်ချက်ထဲမှာ ဆက်စပ်ပတ်

mgyoe.com

mgyoe.com


သက်နေကြောင်း အာရုံပေးမှုလည်း တစ်ခုအပါအဝင် ဖြစ်တယ်။ လူဆိုတာ ဘာမှမပတ်သက် မဆက်ဆံခံရဘဲ အထီးကျန်ဆန်နေမယ်ဆိုရင် ထိခိုက်နစ်နာပါတယ်။ အထီးကျန်ဖြစ်ရခြင်းရဲ့အန္တရာယ်ကို "အယ်လဘတ်လာလွန်ဒီ"က ခုလိုပြောခဲ့ဖူးပါတယ်။ "ယနေ့လူငယ်လေးတွေက တစ်ဦးနဲ့တစ်ဦးကြား နက်ရှိုင်းတဲ့ခံစားချက်တွေ ဆက်သွယ်နေမှန်း အတွေ့အကြုံ ရင့်နေကြပြီ။ အချင်းချင်း ဘယ်လို မေတ္တာထားရမယ် မထားရဘူးဆိုတာ သိနေကြတယ်။ အချစ်ခံရဖို့လိုအပ်ချက်ဟာ ပေါင်းဖွဲ့ဖို့လိုအပ်တာကို ပြနေတယ်။ ဒီတော့ တစ်ခုခုပေါင်းဖွဲ့တာခံရဖို့ ဘာမဆိုလုပ်ကြတယ်။

အကောင်းမြင် ဩဇာလွှမ်းသူက ပေါင်းသင်းဖွဲ့မှုရဲ့ လိုအပ်ချက်ကို သိတယ်။ မိဘက သားသမီးရဲ့ ကိုယ့်ကိုယ်ကိုယ် မိသားစုထဲ အရေးပါသူဖြစ်တယ်လို့ ခံစားလာရအောင် လုပ်ပေးသလို လင်မယားတွေကြားမှာ၊ အလုပ်ရှင်နဲ့အလုပ်သမားတွေကြားမှာ အလားတူ လုပ်ပေးကြရမှာပါ။

ဥပမာ "နပိုလီယံဘိုနာပတ်" ဟာ လူတွေကို ကိုယ့်ကိုယ်ကိုယ် အရေးပါကြောင်း ခံစားချက်ဝင်အောင် လုပ်ပေးတဲ့နေရာမှာ ဆရာတစ်ဆူပါပဲ။ တပ်စခန်းထဲ သူလျှောက်သွားရာမှာ အရာရှိတွေကို တစ်ဦးချင်း နာမည်တပ်ခေါ် နှုတ်ဆက်စကားစမြည် ပြောလေ့ရှိတယ်။ သူတို့တစ်ဦးချင်းစီရဲ့ ဇာတိရပ်ရွာအကြောင်း မိသားစုအခြေအနေ၊ ဇနီးမယားတွေအကြောင်း တရင်းတနှီး မေးမြန်းလေ့ရှိတယ်။ ဗိုလ်ချုပ်တွေနဲ့ စစ်ဗျူဟာအကြောင်း ဆွေးနွေးတဲ့အခါ သူတို့တာဝန်ယူနေရတဲ့အပိုင်းကို ကောင်းကောင်းနားလည်မှု ရှိခဲ့တယ်။ နောက်လိုက်ငယ်သားတွေအပေါ် ရဲဘော်ရဲဘက်စိတ်ထားကြောင်း အချိန်ယူပြီး ပြသခဲ့တယ်။ အကျိုးဆက်အဖြစ် သူ့ရဲဘော်တွေ သူ့ကို ချစ်ကြတာ မဆန်း

mgyoe.com

mgyoe.com.


တော့ဘူးပေါ့။

လယ်သမားတစ်ယောက် မြည်းနှစ်ကောင်ဆွဲရတဲ့ ထွန်တုံးကို မြည်းအိုကြီးတစ်ကောင်တည်းဆွဲခိုင်းပြီး လယ်ထွန်ရာမှာ သူနေ့တိုင်း နှုတ်ချိုချိုနဲ့ခေါ် စကားပြောပုံကိုကြည့်ပါ။ "လုပ်ပါကွ ဖေ့သားကြီး "ဘီရယ် ရီဂတ် "ရဲ့။ လုပ်ပါကွ ဖေ့သမီးလေး " ဆက်ချယ် " ရုန်းလိုက်စမ်းပါဦး "ရော်ဘတ် "ရဲ့။ ထစမ်းပါလေ ဖေ့သမီးလေး "ဘက်တီလူး "ရဲ့။"

ဘေးက အိမ်နီးချင်းက ကြားတော့မေးကြည့်တယ်။ " ခင်ဗျား ခိုင်းနေတာ မြည်းကဘယ်နှစ်ကောင်တောင် ရှိလို့လဲ "လို့ဆိုတော့ လယ်သမားက " တစ်ကောင်တည်းပဲ ဆွဲခိုင်းနေတာပါ။ တခြားနာမည် တွေပါ တပြုံကြီး ထည့်ပြောပြီး ချော့တဲ့သဘောလုပ်ပြမှ ဒီမြည်းအိုကြီး က သူ့မှာ ထွန်တုံးဆွဲဖော်ဆွဲဖက် အဖော်မြည်းတွေ ပါသားပဲရယ်လို့ ထင်ပြီး ဆွဲအားပိုရှိလာတာပေါ့။" သူဟာ အသင်းတစ်သင်းရဲ့ အစိတ် အပိုင်းပဲလို့ထင်မိတာနဲ့ ပိုကောင်းတဲ့သဘောထားရတတ်တယ်။

## ဘက်စုံထောင့်စုံရှုမြင်ချက်

ပြုစုယုယပေးခြင်းကနေ နောက်ထပ်ရတဲ့ အကျိုးအမြတ်က တော့ သူတို့ကိုယ်သူတို့ ဘက်စုံထောင့်စုံ အကောင်းမြင် ရှုမြင်သုံးသပ် နိုင်တာ ဖြစ်ပါတယ်။ လူများစွာဟာ ကိုယ်လုပ်တာနဲ့ပတ်သက်လို့ မကောင်းပြောတာ အပုပ်ချတာ ဝေဖန်တယ်ဆိုရင်လည်း အပြစ်တွေ ညံ့ဖျင်းချက်တွေ ဝေဖန်တာခံရတယ်။ "A Touch of Wander" မှာ "အာသာဝေါဒန်" ပြောပြထားတဲ့ပုံပြင်နမူနာလေးရှိတယ်။ "ဝေကွန်စင်" တက္ကသိုလ်ကလပ်တစ်ခုက သူငယ်ချင်းတစ်ယောက် ပြောပြတာပါ။ အဲဒီကလပ်မှာ လူငယ်တိုးတက်တဲ့ သူတစ်သိုက်ဟာ စုစည်းပြီး စာရေး ဝါသနာပါကြတာမို့ ကိုယ်ရေးလာတဲ့ ဝတ္ထုတိုအက်ဆေးတွေကို

mgyoe.com

mgyoe.com


အချင်းချင်းဖတ်ရှုပြီး မညှာမတာ အားမနားတမ်း ဝေဖန်ရေးပေးလေ့ရှိတယ်။ သူတို့ဘာသာ သူတို့အုပ်စုကို"လည်မျိုညှစ်သူများ"လို့ မှည့်ခေါ်သတဲ့။

အဲဒီကျောင်းဝင်းထဲမှာပဲ တိုးတက်တဲ့ စာပေဝါသနာအိုးအမျိုးသမီးတစ်စုကလည်း အဆိုပါ စာပေဝိုင်းတစ်ခုဖွဲ့ထားပြီး သူတို့မိန်းမသားအဖွဲ့ကို သူတို့ဖာသာ"မြင်းချစ်သူနွားကျောင်းသမများ"လို့မှည့်ခေါ်ထားသတဲ့။ သူတို့လည်း သူတို့စာမူတွေ အချင်းချင်းဖတ်ရှု အကြံပေးဝေဖန်ကြတာပါပဲ။ ဒါပေမဲ့သူတို့က အကောင်းမြင် ချီးကျူးတာတွေ၊ အားကောင်းချည်းတွေပဲ ရွေးပြောကြတယ်။ ဘယ်လိုပဲညံ့ဖျင်းအားနည်းနေပါစေ ဖေးဖေးမမထောက်ပြကြတယ်.

ဒီအုပ်စုနှစ်စုရဲ့ရလဒ်က နှောင်နှစ်ပေါင်းနှစ်ဆယ်ကျော်လာတော့ပေါ်လာပါတယ်။ "လည်မျိုညှစ်သူများ"အုပ်စုထဲက ပါရမီရှင်လူငယ်တွေ စာရေးဆရာအဖြစ် ထင်ပေါ်ကျော်ကြားလာသူတစ်ယောက်မှ ထွက်မလာခဲ့ပေမဲ့"မြင်းချစ်သူနွားကျောင်းသမ"အုပ်စုထဲက ထင်ရှားတဲ့ စာရေးဆရာမပေါင်း ဒါဇင်ဝက်ခန့်ပေါ်လာရာမှာ အကျော်ကြားအဖြစ် နမူနာပြရရင် ပူလစ်ဇာစာပေဆုရသူ"မာဂျော်ရီးကင်နန်ရော်လင်းစ်" (Uncle Tom Cabin ဝတ္ထုဖန်တီးရှင်)ပဲ ဖြစ်ပါတယ်။

## ကြီးကျယ်ခမ်းနားသူဖြစ်ရတဲ့ခံစားချက်

"ဂူဒီအယ်လင်"က ဘဝမှာ ကျွန်တော် နှောင်တရမိတာတစ်ခုတည်းက အများသူငါလို ကျွန်တော်မဖြစ်ခဲ့တာကိုပါပဲ" ရယ်စရာကောင်းရုံလေး ရည်ရွယ်ပြောတာဖြစ်နိုင်ပေမဲ့ နှစ်များစွာကြုံခဲ့တဲ့ ဆက်ဆံရေးပြဿနာတွေနဲ့အတူ သူ့စကားထဲ အမှန်တွေ ဘယ်လောက်ပါနေမှန်းမသိဘူး။

mgyoe.com

mgyoe.com


သင်လူတွေပြုစုယုယပေးပြီး အတုန့်အပြန်ကို မမျှော်လင့်ဘဲ သူတို့ကို တန်ဖိုးတွေထပ်ဆောင်းပေးနိုင်ရင် သူတို့စိတ်ထဲ ကြီးကျယ်ခမ်းနားတဲ့စိတ်ဝင်လာမှာပဲဖြစ်တယ်။ သူတို့တန်ဖိုးရှိတာ သူတို့နားလည်လာမယ်။ သူတို့ကိုယ်သူတို့ အကောင်းမြင်စိတ်တွေ တောင့်တင်းခိုင်မြဲလာရင် အခြားသူတွေအတွက်ပါ အကောင်းမြင်စိတ်နဲ့နေထိုင်သွားဖို့ လွတ်လပ်လာပေလိမ့်မယ်။

မျှော်လင့်ချက်

ကမ္ဘာကျော် အမေရိကန်စာရေးဆရာကြီး "မတ်ထွိုင်း"က သတိပေးဖူးတယ်။ "သင့်ရည်မှန်းချက်တွေကို သေးကွေးအောင်လုပ်ဖို့ ကြိုးစားတဲ့သူတွေကို ဝေးဝေးကရှောင်ပါ။ လူသေးသေးလေးတွေက ဒါမျိုးလုပ်တတ်တယ်။ သင့်ကိုသင် ကြီးကျယ်တယ်လို့ ခံစားရဖို့က သင်ကိုယ်တိုင်က ကြီးကျယ်လာမှ ဖြစ်မယ်။"

သင် လူတွေကို ပြုမူဆက်ဆံပုံသော့ချက်ဟာ သူတို့နဲ့ပတ်သက်လို့ သင်ဘယ်လိုစဉ်းစားထားတယ်ဆိုတာပဲ ဖြစ်တယ်။ ဒါက သဘောထားကိစ္စပါပဲ။

ပြုစုယုယပေးမှုရဲ့ရလဒ်အဖြစ် အခြားသူတွေကို သင်ပေးနိုင်မယ့် အကောင်းဆုံး လက်ဆောင်ကတော့ 'မျှော်လင့်ခြင်း' ပဲဖြစ်ဖွယ်ရှိတယ်။

"Building Your Mate's Self-Esteem" စာအုပ်မှာ ရေးသူ "ဒင်နစ်ရိန်းနီး"ပြောပြတဲ့ စာညံ့သူကောင်လေး "တွမ်မီ"ရဲ့အကြောင်းကိုကြည့်ပါ။ ကျောင်းစာမလိုက်နာနိုင်အောင်ညံ့တဲ့ "တွမ်မီ"ကို သူ့အဖေကိုယ်တိုင် စာပြပေးပေမဲ့ သူကြိုးစားလိုက်တိုင်း ကျဆုံးရတာချည်းပဲ။ ကြာတော့ အဖေရော၊ ကျောင်းကဆရာကပါ လက်မြှောက်သွားကြတယ်။ ဆရာက သူ့မေမေကို ဒီကောင်တော့ စာသင်လို့ ဘာမှတတ်မှာ

mgyoe.com